# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၁)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တိုက်ကြီးမြို့နယ်၌ မိုးစပါး ဧကတစ်သိန်းနှစ်သောင်းကျော် လျာထားစိုက်ပျိုးမည်



တိုက်ကြီး ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၇၈၉၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဒေသခံတောင်သူများအနေဖြင့် ဆင်းသုခ၊ ရတနာတိုး၊ နှံကောက်၊ ရောမင်း၊ ရောသွယ်၊ အောင်နိုင်တိုး၊ ဗျော့ထွန်း အစရှိသည့် အထွက်ကောင်းစပါးမျိုးများနှင့် ဒေသကောက်ကြီးစပါးမျိုးများ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် မြို့နယ်သမဝါယမအသင်းစုမှ ဆောင်ရွက်နေသည့် အကျိုးတူလယ်ယာမြေများတွင် GW-11၊ ဗျော့ထွန်း၊ ဗီယက်နမ် ၉၀၊ ဆာဖိုးသာ၊ ဆင်းသုခအစရှိသည့် အထွက်တိုးစပါးများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကာ ဒေသဝမ်းစာဖူလုံရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်များ စနစ်တကျရှိစေရေးအတွက် ခရိုင်/မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့မှ တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ Seeder များကို ဖြန့်ဝေပေးခြင်းဖြင့် စနစ်တကျ အတန်းလိုက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ Seeder စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများနှင့် စံပြကွက်စိုက်ပျိုးသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



# ကော့သောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ ဆင့်ပွားသင်တန်းများဖွင့်လှစ်

ကော့သောင်း ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ ဆင့်ပွားသင်တန်းများကို ကော့သောင်းမြို့အထက(ခွဲ) အလက(၂)ကျောင်း၌ အမှတ်စဉ်လေးခုဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒုတိယအပတ်စဉ်အဖြစ် ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၀ - ၈ - ၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| မအူပင်မြို့ | ၃ ဒသမ ၁၉ | လက်မ | မြစ်ကြီးနားမြို့ | ၁ ဒသမ ၄၂ | လက်မ |
| လှည်းကူးမြို့ | ၂ ဒသမ ၈၇ | လက်မ | ဝက်ထီးကန် | ၁ ဒသမ ၃၄ | လက်မ |
| ပုတာအိုမြို့ | ၂ ဒသမ ၆၄ | လက်မ | (လေးထပ်ပြင်) | | |
| ကျုံပျော်မြို့ | ၁ ဒသမ ၉၇ | လက်မ | တောင်ငူ | ၁ ဒသမ ၃၀ | လက်မ |
| ပဲခူးမြို့ | ၁ ဒသမ ၅၇ | လက်မ | (လေကြောင်းမိုးလေဝသ) | | |
| ဇလွန်မြို့ | ၁ ဒသမ ၅၇ | လက်မ | အိမ်မဲမြို့ | ၁ ဒသမ ၃၀ | လက်မ |
| ထားဝယ်မြို့ | ၁ ဒသမ ၅၇ | လက်မ | မုဒုံမြို့ | ၁ ဒသမ ၂၆ | လက်မ |

**ယနေ့** *ဖတ် စ ရာ*

**ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်**

ဆောင်းပါး စာ ၆

**ခရီးသွားပါ အကျိုးများမှာ**



ဆောင်းပါး စာ ၁၀

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရှိ စပျစ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

**တိုးချဲ့စိုက်ပျိုး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စားရေရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်စပါးနှင့် အဓိကရိက္ခာသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် လယ်ယာမြေများ အသုံးပြုခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက် ရှိကြောင်း၊ စပျစ်အပါအဝင် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြုခွင့်လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း၊ စပျစ်သီးနှံ စိုက်ပျိုးရာတွင်လည်း စားစပျစ်စိုက်ပျိုးခြင်းအပြင် ဝိုင်ထုတ်လုပ်သည့်ဝိုင်စပျစ်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ စပျစ်တောင်သူများ ဈေးကွက်ရရှိရေးကိုလည်း ဝိုင်လုပ်ငန်းရှင်များပေါင်းစပ်ပေးပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် Contract farming စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် တောင်သူများရော လုပ်ငန်းရှင်များပါ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွင်း စီးပွားရေးတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စပျစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်နိုင်မှု စွမ်းအားရှိသည့် တောင်သူကြီးများအနေဖြင့် စွန့်ဦးလုပ်ကိုင်ကြစေလိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရမည်းသင်းဒေသ၏ ဝါသီးနှံစိုက်ပျိုးရန် နှစ်အလိုက်လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကသတ်မှတ်ဝါဂွမ်းအထွက်ပိသာ ရရှိရေးကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများ၊ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ရမည်းသင်းမြို့နယ်ရှိ လဲဖြူရေထိန်းတမံသို့ ရောက်ရှိပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် တမံအတွင်း သဲနုန်းများ ဖုံးလွှမ်းမှုကို တိုင်းဒေသကြီးအစိုးရ၏ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ရေးဆောင်ရွက်နိုင်ရန်နှင့် လက်ရှိတမံအား ပြုပြင်ခြင်းထက် အခြားသင့်လျော်သော နေရာသစ်တွင် ဆောင်ရွက်ခြင်းက ကုန်ကျစရိတ်သက်သာနိုင်ခြင်းရှိမရှိ သုံးသပ်၍ နေရာသစ်ရှာဖွေရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ ကျီးနီကန်၏ ရေဝင်ရောက်မှုနှင့် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်


**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၁၁-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၁-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❑ *ရှေ့ဖုံးမှ*

တောင်သူများအား ဓာတ်မြေဩဇာများကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးနည်းစနစ်အနေဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ တိုက်ရိုက်မျိုးစေ့ချကိရိယာ Seeder ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိကာ ယနေ့အထိမိုးစပါး ၁၀၉၃၃၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး မိုးစပါးပန်းတိုင်ရရှိရေး၊ အထွက်နှုန်းမြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်များ ပိုမိုအသုံးပြုစေရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးစနစ်များ တိုးချဲ့ပညာပေးရေး လုပ်ငန်းစဉ်များအပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အကျိုးတူလယ်ယာစီမံကိန်းများတွင်လည်း ၂၂၇၄၀ ဧက ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တိုက်ကြီးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးကူညီမှုများဖြင့် ၂၀၂၅ ခုနှစ် မိုးစပါးလျာထားဧကများ ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကိုကိုးကျွန်းအနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၁၀**

ဩဂုတ် ၁၀ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၀၂ မိနစ် ၄၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၈၃ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်၊ (ကိုကိုးကျွန်း၏ အနောက်-အနောက်မြောက်ဘက် ၄၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၄ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၇၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။**မိုး/ဇလ**

# ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့်ရေပေးဝေရေးလုပ်ငန်းစီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်သည့် ကံဆိပ်ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အချိုးကျပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့

ဦးစွာ စီမံကိန်းဖြင့် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်း Video ကိုပြသပြီး ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်းမှာမဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၃)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူ့ထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်း ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အစိုးရ - ပြည်သူ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်တစ်ခုလည်းဖြစ်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သုံးခုမြောက် အသေးစားဓာတ်အားစနစ်စီမံကိန်းလည်း ဖြစ်ပါကြောင်း။

ကံဆိပ်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ၉၉ ကီလိုဝပ် ဆိုလာအသေးစား ဓာတ်အားပေးစနစ်မှာ ၁၂၀ ကီလိုဝပ် အရန်ဒီဇယ်အင်ဂျင်စနစ်ပါဝင်သည့်အပြင် လျှပ်စစ်မီးရရှိမှုနှင့်အတူ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေမီတာတပ်ဆင်ထားသည့် အိမ်သွယ်ရေတိုင်စနစ် ရေပေးရေးလုပ်ငန်းကိုပါ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈ သန်းကျော်ဖြင့် Sandisoar Renewable Energy Development International ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကံဆိပ်ကျေးရွာစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀ ခန့်တို့ အကျိုးခံစားရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှု၊ ရေရရှိမှုတို့မှတစ်ဆင့် အသေးစားကုန်ထုတ်လုပ်မှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးပွားပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ Sandisolar Renewable Energy Development International ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များက စီမံကိန်းဆိုင်ရာမှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအပြီးတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကံဆိပ်၊ နေရောင်ကာ၊ ဘုရားချောင်း၊ တညင်ကုန်း၊ ကုန်းတန်းကလေး၊ ခြောက်အိမ်စု စသည့်ကျေးရွာများမှ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားစကားပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

### အခွင့်အလမ်းရရှိနိုင်မည်

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကံ(တောင်)ကျေးရွာအုပ်စု သက္ကယ်ကွင်းကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်မီအဆင့်မြင့်ဆန်စက်အပါအဝင် ပေါင်းဆန်စက်၊ ဖွဲနုဆီစက်များ တည်ဆောက်ပြီးစီးပါက ကုန်ကြမ်းရရှိရေး အရေးကြီးသောကြောင့် ဒေသတွင်းရှိ ဆန်စက်ပိုင်ရှင်များ၊ တောင်သူသမဝါယမအသင်းများနှင့် ချိတ်ဆက်ကာ သမဝါယမစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ ထောက်ပံ့ပေးပြီး ထွက်ရှိလာသော စပါးကုန်ကြမ်းများကို ပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးရန်လိုကြောင်း၊ လယ်သမားမိသားစုပေါင်း ၄၃၀၀၀ ကျော်တို့အတွက် အာမခံပေါက်ဈေးကြောင့် ခိုင်မာသော ဝင်ငွေအခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်သည့်ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်များအသုံးပြုရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ အီလက်ထရောနစ်မဲပေးစက်များကို ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ခြင်း၊ မဲရေတွက်ခြင်း၊ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မဲပေးစက်အသုံးပြုခြင်း လုပ်ငန်းစဉ်များ၊ မြန်မာ့အီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုခြင်း လုပ်ငန်းစဉ်များ၊ သင်တန်းသား သင်တန်းသူများအား လက်တွေ့ကိုင်တွယ်လေ့ကျင့်စေခြင်း စသည့်လုပ်ငန်းစဉ်များ ပို့ချပေးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

---

## ကော့သောင်းမြို့၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ကော့သောင်း ဩဂုတ် ၁၀**

ကော့သောင်းမြို့၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပိုစတာ/ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



စာစီစာကုံးပြိုင်ပွဲများ၌ အလယ်တန်းအဆင့်တွင် "ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်တွင် "ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် သတိပြုကာတို့ကာကွယ်" ခေါင်းစဉ်ဖြင့် ဖြေဆိုခဲ့ကြသည်။ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "ကိုယ်လက်လှုပ်ရှားအားကစား"၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် "ကျန်းမာရေးအဆင့်မြှင့်ဖို့ကွယ် တို့တွေပူးပေါင်းဆောင်ရွက်မယ်" ခေါင်းစဉ်တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ပြိုင်ပွဲတွင် ကော့သောင်းမြို့နယ် အခြေခံပညာကျောင်းများမှ အလယ်တန်းစာစီစာကုံး ၁၂ ဦး၊ အထက်တန်းစာစီစာကုံး ၁၉ ဦး၊ အလယ်တန်းပန်းချီ ၁၈ ဦးနှင့် အထက်တန်းပိုစတာ ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ဆိပ်ဖြူမြို့နယ်၌ မိုးမြေပဲ ဧကတစ်သောင်းကျော် စိုက်ပျိုးပြီးစီး

**ဆိပ်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးမြေပဲစိုက်ပျိုးထားရှိမှု အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် ဒေသခံတောင်သူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးမြေပဲကို ၁၂၈၁၂ ဧက စိုက်ပျိုးနိုင်ရန်လျာထားဆောင်ရွက်ခဲ့ပြီး ၁၀၉၇၄ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ မြေပဲကို ကုန်းစိုက်ပျိုးမြေများ၌ မိုးရာသီကာလတွင် မိုးရေကိုအဓိကထားရယူစိုက်ပျိုးဆောင်ရွက်ကြောင်း၊ မိုးမြေပဲနှင့်အတူ သီးညှပ်ပဲစင်းငုံကိုလည်း တွဲဖက်စိုက်ပျိုးဆောင်ရွက်ထားကြောင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပဲမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးနည်းပညာများကို ရယူစိုက်ပျိုး ဆောင်ရွက်ကြောင်း၊ မြေပဲကို မိုးအများဆုံးရွာသွန်းသည့် ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလကုန်ပိုင်းတွင် တူးဖော်ရကြောင်း၊ လက်ရှိတွင် မြေပဲစိုက်တောင်သူများက မြေပဲ အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။



**စိုးလင်းနိုင်(IPRD)**

---

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေး

**ထန်းတပင် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် သက်ငယ်မုဒိမ်းမှုပပျောက်စေရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရခိုင်ရိုးကြီးကျေးရွာ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက အမှာစကားပြောကြားပြီး ထန်းတပင်မြို့နယ်(လဝက) ဦးစီးမှူး ဦးခင်ဆွေ၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်အေးမြတ်မွန်နှင့် တက်သစ်နယ်မြေစခန်းမှူး ရဲအုပ် လှမြင့်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်နှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်စန္ဒာစိုးတို့က သက်ငယ်မုဒိမ်းမှုအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် သက်ငယ်မုဒိမ်းမှုပပျောက်စေရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဗီဒီယိုကို ပြသပြီး ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်နှင့်ဆီပေးအပ်ပွဲ အခမ်းအနားများကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်နှင့်ဆီပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနခန်းမတို့၌ ကျင်းပသည်။




အဆိုပါအခမ်းအနားများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ကြရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အဋ္ဌမအကြိမ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် မီးသတ်စခန်းအနီး ညောင်တုန်းလမ်းတစ်လျှောက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ခရေပင် ၉၀၀ နှင့် တည်ပင် ၇၂၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် မီးသတ်စခန်းတွင် မီးသတ်ယာဉ်စက်များ အသင့်ထားရှိမှု၊ လူအသင့်၊ စက်အသင့်၊ ရေအသင့်၊ ဆီအသင့် သင့်(၄)သင့်နှင့် မြန်(၃)မြန် ဆောင်ရွက်ထားရှိမှုနှင့် စခန်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အောင်ဇေယျတံတားအဆင်း အုတ်စီရေမြောင်း ဆောင်ရွက်နေမှုနှင့် လှိုင်မြစ် မြစ်ထွက်ပေါက် မြေအောက်ရေမြောင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများအချိန်တိုအတွင်းပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်နှင့် လမ်းနယ်နိမိတ်များ မှန်ကန်စေရေး မြေပုံ၊ မြေပြင် စနစ်တကျတိုက်ဆိုင်စစ်ဆေးရန် မှာကြားခဲ့သည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မြန်မာတို့၏ ပြည်တွင်းထုတ်ကုန်များ ခင်းကျင်းပြသ

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ ထုတ်ကုန်များနှင့် စားသောက်ကုန်များကို ခင်းကျင်းပြသရောင်းချသည့် ဂုဏ်ယူဖွယ်ရာ မြန်မာ့ထုတ်ကုန်ပြပွဲနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ERAVATI Hotel ၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဇမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ အသင်းဝင်များ၏ ပြည်တွင်းထုတ်ကုန်များ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူလုပ်ငန်းရှင်များအသင်း၊အီဂျစ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံသံရုံးတို့မှ မိမိတို့နိုင်ငံ၏ လက်မှုအနုပညာ ထုတ်ကုန်များကို ပူးပေါင်းပါဝင်ပြသသည်။




မြန်မာတို့၏ချည်ထည်အဝတ်များ၊ မြန်မာ့ရက်ကန်းအထည်များ၊ ရိုးရာဝတ်စုံများ၊ လက်ဝတ်ရတနာများ၊ ကျောက်မျက်များ၊ ကြိမ်ထည်များ၊ ပရိဘောဂများ၊ သစ်သားပန်းပုရုပ်တုများ၊ ယွန်းထည်ပစ္စည်းများ ၊ မြန်မာ့ရိုးရာသနပ်ခါးများ၊ မြန်မာ့စားသောက်ကုန်များကို ခင်းကျင်းပြသရာ ပြပွဲလာပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

ပြပွဲကို STP ကုမ္ပဏီကကြီးမှူးပြီး ကုမ္ပဏီပေါင်း ၄၀ ကျော်က ပြခန်းပေါင်း ၆၀ ကျော်ဖြင့်ပါဝင်ပြသကြသည်။ ပြပွဲကို ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီခွဲအထိ ပြသခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများသို့ ပဉ္စမအကြိမ်မြောက် မျိုး၊ သွင်းအားစုများ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများသို့ ပြည်ထောင်စုဘတ်ဂျက်မှ အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၁၆၀ နှင့် တိုးပွားငွေများဖြင့် ပဉ္စမအကြိမ်မြောက် မျိုး၊ သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ကျေးရွာရှိ KC ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားသို့ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့် တက်ရောက်၍ သွင်းအားစုများကို မိမိတို့၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် အမှန်တကယ် အသုံးပြုစေလိုကြောင်းနှင့် သီးနှံပေါ်ချိန်တွင် တက်ညီလက်ညီဖြင့် ပြန်လည်ပေးဆပ်ရန်လိုအပ်ကြောင်း၊ မိမိ၏အသင်းဝင်ငွေ ရရှိဖွံ့ဖြိုးလာသည်နှင့်အမျှ မိမိတို့ကျေးရွာအတွက် အကျိုးပြုလုပ်ငန်းများ၊ အသင်းသားမိသားစုများအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မျိုး၊သွင်းအားစုများအတွက် ပဉ္စမအကြိမ်မြောက် ပံ့ပိုးငွေကျပ်သိန်း ၂၇၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်နှင့် သံလွင်မြစ် မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မြို့နယ်အဆင့် အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု ညောင်ရွှေ၌ ဆောင်ရွက်

**ညောင်ရွှေ ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ မြို့နယ်အဆင့် အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်စစ်ထွန်းက အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ထမ်းများက အစာအုပ်စုသုံးခုနှင့်ပတ်သက်၍ လည်းကောင်း၊ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေး ဟောပြောပြီး တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်

**ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများအား "မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း" သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။**

မောင်အိပ်စ်ဇဲ

ယခုရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျ မဲလက်မှတ်ဖြင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များ ထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုပါသည်။

**မဲပေးစက် ဖွဲ့စည်းတည်ဆောက်ထားပုံ**

မဲပေးစက်ကို စက်အစိတ်အပိုင်း သုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါ အစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရပါသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU) နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit–VU) များသည် မဲဆန္ဒရှင်နှင့်သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit–CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်းဖြစ်ပါသည်။

မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာ တည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့် နေရာများတွင်လည်း သုံးနိုင်ရန် ဘက်ထရီစနစ်ကို အသုံးပြုထားပါသည်။ ထို့အပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ် မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့် အပေါက်များ မပါဝင်ခြင်းအပြင် မဲပေးစက် အစိတ်အပိုင်း တစ်ခုနှင့်တစ်ခုကိုမည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့်တီထွင်ထားပါသည်။ မဲပေးစက်၏ ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက်ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိပါသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသော နည်းလမ်းဖြင့် မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလို ပြင်ဆင်ဆောင်ရွက်၍ မရနိုင်ပါ။

**မဲပေးစက်ဖြင့် မဲပေးခြင်း**

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်း လွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုး မရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကို နှိပ်ကာ မဲပေးနိုင်ပါသည်။ ထို့နောက် မိမိဆန္ဒပြုခြင်း မှန်/ မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို လေးစက္ကန့်မျှ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိပါသည်။ သို့သော် မဲပုံးထဲကျသွားသော ဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာ မှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍ မရနိုင်ပါ။ ယခင် မဲလက်မှတ်နှင့် ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ခဲ့ကြရပါသည်။




မဲရလဒ်စာရွက် ဖြတ်ပိုင်းပုံစံ။

**မဲမပေးမီ မဲပေးစက်အား စစ်ဆေးခြင်း**

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက် ကိုင်တွယ်သူများသည် မဲပေးခြင်း မစတင်မီ မဲပေးစက် အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအား သေချာစွာတပ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ /မရှိ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် စစ်ဆေးပြီး သတ်မှတ်ပုံစံများ ဖြည့်သွင်း၍ လက်မှတ်ရေးထိုးရပါသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရပါသည်။ ဆက်လက်၍ "Total" ခလုတ် (မဲပေးပြီးသည့် အရေအတွက် စစ်ဆေးသည့် ခလုတ်)ကို နှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှု လုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရပါသည်။ ထိုသို့ ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကို နှိပ်၍ မဲရုံကို ဖွင့်ပေးရပါသည်။

**မဲပေးနေစဉ် ထိန်းချုပ်စက် ကိုင်တွယ်သူ၏ လုပ်ငန်း**

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင် လျှို့ဝှက်ဆန္ဒပြုခန်းသို့ ရောက်လျှင် ထိန်းချုပ်စက်ရှိ "Ballot" ခလုတ်ကို နှိပ်၍မဲပေးခြင်းကို ခွင့်ပြုပေးရပါသည်။ ထိုသို့ ခွင့်ပြုပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိန်းချုပ်စက်ရှိ Display Screen တွင် "Start" ဟူသော စာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာပါသည်။ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည် ဖြစ်ပါသည်။ မဲဆန္ဒရှင် မဲပေးပြီးပါက ထိန်းချုပ်စက်တွင် အသံတိုထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည်ဖြစ်ပါသည်။

မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် "On/Off" "Total" "Ballot" ခလုတ်သုံးခုမှအပ ကျန်ခလုတ်များအား အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကို အများမြင်သာသော နေရာတွင် ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသောနည်းလမ်းများ လုပ်ဆောင်၍ မရနိုင်ပါ။ ထို့အပြင် နိုင်ငံရေးပါတီများမှ ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။

**မဲပေးနေစဉ် စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း**

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်းမှတ်တမ်းစာအုပ်ပါ မဲပေးပြီး အရေအတွက်နှင့် ထိန်းချုပ်စက်ရှိ "Total" ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်း မဲပေးပြီး အရေအတွက်တို့ ကိုက်ညီမှု ရှိ/ မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား "Total" ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်း မဲပေးပြီး အရေအတွက်ကို မှတ်သားစေရပါသည်။ ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ် မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

**မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်း အနေဖြင့် မိမိခလုတ်နှိပ် ဆန္ဒပြုလိုက်သော ပါတီ/ ကိုယ်စားလှယ်လောင်း မှန်/ မှန် ဆန္ဒမဲလက်မှတ် ဖြတ်ပိုင်းကို ကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက "Ballot" ခလုတ်ကို နှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် "Ballot" ခလုတ်ကို နှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/ အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခု လုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် "Total" ခလုတ်နှိပ်၍ မဲပေးပြီးသူ အရေအတွက်ကို စစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက် ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍ မရနိုင်ပါ။

**မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်း**

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ /မရှိ စစ်ဆေးပြသရပါသည်။ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် "Print" ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်ရှိလာသော မဲရလဒ်များ ပါဝင်သည့် စက္ကူဖြတ်ပိုင်းကို ထုတ်ယူရပါသည်။ ၎င်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် မဲရလဒ်များကို အများပြည်သူသိရှိစေရန် ကြေညာပေးရသည့်အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရပါသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များ ထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ အားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းထားရှိရမည် ဖြစ်ပါသည်။

**မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မည်လားဟု စာမျက်နှာ ၇ သို့

> ❝ ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်း လွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုး မရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ / ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကို နှိပ်ကာမဲပေးနိုင်ပါသည်။ ထို့နောက် မိမိဆန္ဒပြုခြင်း မှန် / မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို လေးစက္ကန့်မျှ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ ကျသွားမှ မဲပေးခြင်း ပြီးဆုံးမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိပါသည်။ သို့သော် မဲပုံးထဲ ကျသွားသော ဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ် ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာ မှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍ မရနိုင်ပါ။ ယခင် မဲလက်မှတ်နှင့် ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ခဲ့ကြရပါသည် ❞

## မုံရွာတက္ကသိုလ်၌ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းက မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ကျော် တက်ရောက်သည်။



စကားရည်လု ပြိုင်ပွဲတွင် မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မီးမီးတင်သိန်းက ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ကျင်းပရာ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ သုံးဦး ပါဝင်သော စကားရည်လု အဖွဲ့ ၁၀ ဖွဲ့တို့က **အတိတ်ကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်တွင် ကောင်းမွန်အောင် နေထိုင်သင့်သည်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မုံရွာတက္ကသိုလ် အဆောင်(၁၃) တွင် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၉ ဦးက ထိန်းသိမ်းကာကွယ် သဘာဝဘေးအန္တရာယ်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဩဂုတ် ၁၀**

ဇီးကုန်းမြို့နယ် တိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီမှ ဆေးဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် သက်တမ်းလွန် တိုင်းရင်းဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချမ်းမြေ့ကျော်၊ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဦးအောင်ညိုနှင့်တာဝန်ရှိသူများက မြို့မဈေးအတွင်း/အပြင်ရှိ ဆေးဆိုင်များနှင့် မြို့နယ်အတွင်းဆေးရောင်းချသော ဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် သက်တမ်းလွန် တိုင်းရင်းဆေးဝါးများ ရောင်းချမှု ရှိ မရှိ စစ်ဆေး၍ တွေ့ရှိပါက သိမ်းဆည်းခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



## ချောက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ချောက် ဩဂုတ် ၁၀**

ချောက်မြို့၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြု၍ စာဖတ်သည့်အလေ့အထများဖြစ်ပေါ်လာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ရရှိပြီး မိမိဖတ်ရှုသည့်စာအုပ်ပေါ် ပြန်လည်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ ယမန်နေ့က ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာပါ မောင်ကမ္ဘာရေးသားထားသော "ငယ်စဉ်အခါမှာ ပညာရှာပါ" ဆောင်းပါးအား ကျောင်းသား ကျောင်းသူ ငါးဦးက တစ်ဦးချင်းဖတ်ကြား၍ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ယှဉ်ပြိုင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၆၀ တက်ရောက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊**Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှ ဆန္ဒမဲလက်မှတ် ဖြတ်ပိုင်းများကို ရေတွက်၍ မရဘူးလားဟုလည်း မေးခွန်းများ ရှိလာနိုင်ပါသည်။ မဲပေးစက်ကို တီထွင်ရခြင်း၏ ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲ ခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်း ရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများ မရှိတော့စေရန်ဆိုသည့် အချက်လည်း ပါဝင်ပါသည်။ ယနေ့ခေတ်တွင် လူအား၊အချိန်အား လျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံ မဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿ ဖြစ်သွားပါမည်။ ဆန္ဒမဲလက်မှတ်များကို ရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာ တင်သွင်း၍ ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက်နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့် ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့်အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

❑ **မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မဲဆန္ဒရှင် စုစုပေါင်း တစ်သိန်းနှစ်သောင်းခန့်က ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်တွေ့စမ်းသပ်မဲပေးစေခဲ့ရာတွင် မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်းမဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်း ရေတွက်မှုအရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ် တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။ ထိုသို့ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိ**

### တိကျမှန်ကန်သော မဲရလဒ်များ

မဲပေးစက်၏လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေး ရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ၅ ခုရှိသည် ဆိုပါစို့။ နံပါတ် ၁ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၂ မီးလုံး လင်းပါမည်။ သူ့ခလုတ်နှင့် သူ့မီးလုံး မှန်မှန်ကန်ကန် လင်းအောင် လုပ်ထားပါမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှကြိမ် နှိပ်သည်ဆိုသည်ကို မှတ်ထားသည့် Memory စနစ်လေး ထည့်ထားလိုက်ပါသည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ်အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်ပါသည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှကြိမ်တိုးပေးပါဟု လုပ်၍ မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့်အကြိမ်အတိုင်းကိုပဲ စာရွက်တွင် ဖော်ပြပေးမည် ဖြစ်ပါသည်။

လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အားလုံး ပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည် ဖြစ်ပါသည်။ မဲပေးစက်၏ လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလို အပြောင်းအလဲလုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက်သာဖြစ်မည်ဟု ယူဆမိပါသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ တူညီမှုရှိ/ မရှိကို မဲပေးစက်အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်း အစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။

### လက်တွေ့စမ်းသပ်မဲပေးခြင်း

မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မဲဆန္ဒရှင် စုစုပေါင်း တစ်သိန်းနှစ်သောင်းခန့်က ကိုယ်တိုင်လက်တွေ့စမ်းသပ် မဲပေးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်တွေ့ စမ်းသပ်မဲပေးစေခဲ့ရာတွင် မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်းမဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်း ရေတွက်မှု အရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ် တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။ ထိုသို့ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏ အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံ မဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ ရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များ တိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်ပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# နိုင်ငံတစ်ဝန်း ဘော်လီဘောပြိုင်ပွဲများကျင်းပပြီး ဘော်လီဘောအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင်စွမ်းဆောင်

**ရန်ကုန် ဩဂုတ် ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာနိုင်ငံ ဘော်လီဘော ဒိုင်လူကြီး (Referee) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ သင်တန်းနည်းပြများ၊ ဒိုင်လူကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း ဘော်လီဘောပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ဥပဒေသများ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အဂတိတရားကင်းမှု၊ သမာသမတ်ကျ မှန်ကန်စွာဆုံးဖြတ်ပေးနိုင်သော ဒိုင်လူကြီးများဖြစ်စေရေးနှင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာ ဘော်လီဘောအဖွဲ့ချုပ် အသိအမှတ်ပြုဒိုင်လူကြီးများဖြစ်အောင် ကြိုးစားကြပြီး ဘော်လီဘောအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင် စွမ်းဆောင်ကြရေး တိုက်တွန်းမှာကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းလိုအပ်ချက်များအား ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဘော်လီဘောဒိုင်လူကြီးသင်တန်းသို့ သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဩဂုတ် ၁၀ ရက်မှ ၁၇ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော AFC U–20 Women's ASIAN Cup Thailand 2026 Qualifiers ပြိုင်ပွဲအုပ်စု (D)ပွဲစဉ်အဖြစ် မြန်မာ(U–20) အမျိုးသမီးအသင်းနှင့် အိန္ဒိယ(U–20)အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**




# နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၈ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူ ၄၂ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် ၄က်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ ပါဟတ်ရပ်ကွက် ဓမ္မာရုံလမ်းဘေး ဝဲ/ယာမှ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ညောင်ရွှေ ဩဂုတ် ၁၀**

၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တောင်ပို့ကြီး ကျေးရွာအုပ်စု ရွှေတောင်ဦးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မာတာကွတ် ၁၅၀၊ အော်ရီးရှား ၂၀၀၊ ပြည်လုံးချမ်းသာ ၃၀၊ ကုက္ကို ၆၀၊ စိန်ပန်းနီ ၁၀ ပင် စုစုပေါင်းပျိုးပင် ၄၅၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**

**ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ၂၀၂၅ ခုနှစ် ဩဂုတ်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒ**
**ညွှန်ကြားမှုဦးစီးဌာန**

## ဘားအံမြို့ လူငယ်စင်တာ၌ အဆင့်မြင့်ပန်းချီရေးဆွဲခြင်း သင်တန်းဆင်းပွဲကျင်းပ



**ဘားအံ ဩဂုတ် ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် လူငယ်စင်တာ၌ ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် ပန်းချီရေးဆွဲခြင်း သင်တန်းဆင်းပွဲကို အဆိုပါလူငယ် စင်တာရှိ ပန်းချီသင်တန်းခန်းမတွင် ယနေ့ပြုလုပ်ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံရန် လိုအပ်ပါကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ လူငယ်များအတွက် ပန်းချီသင်တန်းအပြင် နည်းပညာနှင့် ပတ်သက်သည့် ကွန်ပျူတာသင်တန်းများ၊ အိမ်တွင်းမှုသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အဆင့်မြင့်ပန်းချီသင်တန်းတွင် ရေဆေးအကြည်၊ ရေဆေးအထူ၊ Arcylic ဖြင့် ပန်းချီကားရေးဆွဲခြင်း၊ ရုပ်ပုံအမျိုးမျိုးရေးဆွဲခြင်း၊ ရှုမျှော်ခင်း၊ လူမျက်နှာပုံ ရေးဆွဲခြင်း၊ စိတ်ကူးပုံဖော်ရေးဆွဲခြင်း ဘာသာရပ်များကို ပန်းချီဆရာ ဦးစောနောင်စိုးက သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ လျှော်ဘေးသင့်နှင့် မီးဘေးသင့်အိမ်ထောင်စုများအား ပစ္စည်း ၁၆ မျိုး ထောက်ပံ့

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျှက်မော်အနောက်ရပ်ကွက်ရှိ မန္တလေးလျှော်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လျှော်ဘေးသင့်နှင့် မီးဘေးသင့် အိမ်ထောင်စု ၇၂၅ စုအား ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ပစ္စည်း ၁၆ မျိုးကို ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း(ရွှေတိုး)**





## ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**မြန်အောင် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက်က မြန်အောင်မြို့ အလက လက်ပံရပ်ကျောင်း၌ ကျင်းပသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု(ဒုတိယပတ်) အဖြစ် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တွင် မြန်အောင်မြို့နယ်အဆင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့်ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်း၊ မြို့နယ်ပညာရေးမှူး (ယာယီ) ဦးဝင်းချိုဦးနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို “အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG၊ A3 (297 x 420 mm) with the correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ။ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ်ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၀၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG ၊ A3 (297 x 420 mm) with correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil ၊ Felt-tip Pen ၊ Crayons ၊ Paints ၊ Sketch Markers ၊ Sepia ၊ Sanguine၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy CD (၂) ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၀၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်) ကို ရှုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last Name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ခရီးသွားပါ အကျိုးများမှာ

မိုးသားလေး(ဟိုတယ် / ခရီး)

မြန်မာတို့၏ နေ့စဉ်ဘဝတွင် စကားပုံများ၊ ဆိုရိုးစကားများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ မည်သည့်ဘာသာစကားတွင် မဆိုသာမန်စကားလုံးများဖြင့် ပြောခြင်းထက် စကားပုံ၊ ဆိုရိုးစကားတစ်ခုကို အသုံးပြုပြောဆိုခြင်းက ပိုမိုထိရောက်မှုရှိကြောင်း ဘာသာစကား လေ့လာသူများက လက်ခံထားကြသည်။

မြန်မာတို့၏ ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းအမွေပေးခဲ့ကြသည့် မြောက်မြားစွာသော စကားပုံများ၊ ဆိုရိုးစကားများက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှစ၍ အိမ်ထောင်ရေးအထိ အသိပညာပေး ဆုံးမသွန်သင်လျက်ရှိသည်။ ထင်ရှားသောစကားပုံများ၊ ဆိုရိုးများစွာတွင် “ သွားပါများ၊ ခရီးရောက်” ဟူသည် မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်သော မောင်ပေါက်ကျိုင်းရာဇဝင်ပါ ထင်ရှားလှသည့် စကားပုံဆိုရိုးတစ်ရပ်ဖြစ်သည်။

ခရီးသွားပါ များလာပါက မိမိရောက်ရှိလိုသောနေရာသို့ မလွဲမသွေ ဆိုက်ရောက်နိုင်မည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်သော်လည်း ခရီးသွားကဏ္ဍဘက်မှ စဉ်းစားလျှင် ပိုမိုနက်ရှိုင်းသည့် အဓိပ္ပာယ်များ ပါဝင်နေသည်ကို တွေ့ရသည်။ ခရီးများများသွားခြင်းဖြင့် မိမိရောက်ရှိလိုသော နေရာဒေသသို့ ရောက်ရှိခြင်းအပြင် ထိုဒေသမှ အတွေ့အကြုံအသစ်များ၊ ဗဟုသုတများ၊ အသိအမြင်သစ်များကိုပါတိုးပွားရရှိလာနိုင်သည်။ ခရီးသွားခြင်းဖြင့် ဘဝ၏ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ ကျေနပ်မှုစသည်တို့နှင့်အတူ အဓိပ္ပာယ်ပြည့်ဝသော ဘဝပန်းတိုင်ကို ရောက်ရှိနိုင်သည်ဟူ၍ ချဲ့ထွင်စဉ်းစားနိုင်သည်။

ကမ္ဘာမြေကြီးတွင် ရှင်သန်ရပ်တည်နေကြသည်မှ မိမိတစ်ဦးတည်း၏ မိသားစုတစ်စုတည်း၊ မိမိမြို့ရွာ တစ်ရွာတည်း၊ မိမိနိုင်ငံတစ်ခုတည်းမဟုတ်ဘဲ အခြားသော လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်းများ၊ သက်ရှိများ၊ သစ်ပင်ပေါက်ပင်များ၊ ယဉ်ကျေးမှုများစသည်တို့ပါ ဟန်ချက်ညီစွာ ရှင်သန်ဖြစ်တည်နေကြသည်။ ထို့ကြောင့် လူသားတို့သည် မိမိနေထိုင်ရာနေရာပြင်ပရှိ လူမှုဘဝများနှင့် ယဉ်ကျေးမှုများကို လေ့လာသိရှိရန် အရေးကြီးလှသည်။ ခရီးသွားခြင်းဖြင့် အသစ်သစ်သောအရာများအပေါ် အမြင်များကို ပွင့်လင်းလာစေပြီး ကွဲပြားခြားနားသော အတွေ့အကြုံများကို ရရှိစေနိုင်သည်။ ဘဝတွင် သာယာပျော်ရွှင်မှု ပိုမိုရရှိရန်မှာ ခရီးများများသွားရန် လိုအပ်သည်ဟုဆိုရာတွင် အပန်းဖြေခရီးသွားခြင်း ကြိုတင်စီစဉ်ထားသော ခရီးကိုသွားခြင်းတို့အပြင် မိမိတစ်ခါမှ မရောက်ဖူးသေးသော နေရာတစ်ခုသို့ လွတ်လွတ်လပ်လပ် ခရီးသွားခြင်းမျိုးလည်းရှိသည်။ ထူးဆန်းအံ့ဖွယ်များကို သိရှိလို၍ မတူကွဲပြားသော ယဉ်ကျေးမှုများ၊ အစားအစာများကို ခံစားလိုစိတ်များက ခရီးသွားလိုခြင်း၏ အဓိကတွန်းအားများဖြစ်သည်။



မြန်မာ့အမွေအနှစ်ဒေသဖြစ်သော ပုဂံဒေသကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များက မီးပုံးပျံစီး၍ လေ့လာကြည့်ရှုစဉ်။

## ခရီးသွားခြင်း၏ အကျိုးတရားများ

လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားခြင်းက အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ လူများ၊ ယဉ်ကျေးမှုများ၊ နေထိုင်မှုပုံသဏ္ဌာန်များကို မိမိနေရပ်တွင် ပုံမှန်နေထိုင်သည်ထက် ခရီးသွားသောအခါ ပိုမိုထိတွေ့ရနိုင်သည်။ ကြုံတွေ့ရသော အသစ်အဆန်းများနှင့် အတွေးအမြင်အသစ်များ၊ မိမိတို့ရှင်သန်မှုနှင့် ကမ္ဘာကြီး၏ ဖြစ်တည်မှုအကြား ဆက်စပ်မှုအပေါ် အမြင်သစ်များ ဖြစ်ပေါ်လာပြီး မိမိဘဝအတွက် လုပ်ဆောင်ရန် ရည်ရွယ်ချက်အသစ်များကို ဖြစ်ပေါ်စေသည်။

မိမိမည်သည်ကို ဆောင်ရွက်ရမည်၊ မိမိဘဝတွင် မည်သည့်အရာများကို လုပ်ဆောင်လိုသည်၊ မည်ကဲ့သို့သော အသက်မွေးမှုအလုပ်ကို လုပ်ခြင်းသည် မည်သည့်ပညာရေးလမ်းကြောင်းကို လေ့လာလိုက်စားလိုသည်တို့ကို ခရီးသွားခြင်းက ရှင်းလင်းစွာ လမ်းပြပေးနိုင်သည်။

**“ခရီးသွားခြင်းတွင် ကောင်းကျိုးများ ရှိနေသည်။ အကယ်၍ ခရီးသွားတစ်ယောက်သည် ပိုမိုကောင်းမွန်သော နိုင်ငံတစ်ခုကို ရောက်ရှိခဲ့ပါက မိမိနိုင်ငံကို မည်သို့ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည်ကို သင်ယူလေ့လာနိုင်ပြီး ဆိုးရွားသောအခြေအနေနှင့် တွေ့ကြုံခဲ့ပါကလည်း အခြေအနေကို နားလည်လက်ခံနိုင်ရန် သင်ယူနိုင်သည်”** ဟု ပညာရှင် Samuel Johnson က ဆိုထားသည်။ မိမိနေရပ်မှ ဝေးသောနေရာတစ်ခု အထူးသဖြင့် လျှပ်စစ်မီးမရှိ၊ ဇိမ်ခံပစ္စည်းများမရှိသော ရွာငယ်တစ်ခုသို့ ရောက်ခဲ့လျှင် မိမိနေရပ်မှ သက်သောင့်သက်သာရှိမှုများကို ပိုမိုသတိပြုမိလာပြီး မိမိနေရပ်ကို မြတ်နိုးချစ်ခင်လာမည်။ အချို့သောနိုင်ငံများတွင် သောက်သုံးရေပင် လုံလောက်စွာ မရရှိသေးသောအခြေအနေများ ရှိနေရာ ယင်းသို့သော နိုင်ငံများသို့ ရောက်ရှိခဲ့ပါက မိမိတို့နိုင်ငံတွင် ရှိနေသော အရာများအတွက် ပိုမိုနှစ်သက်တတ်လာပြီး ချို့တဲ့သူများကို ထောက်ပံ့လိုစိတ် ဖြစ်ပေါ်လာမည်။ ယင်းသို့သော စိတ်နေစိတ်ထားသည်ပင်လျှင် ဘဝ၏ မြင့်မားသော အရည်အသွေးတစ်ရပ် ဖြစ်သည်။

ပညာရှင် Lin Yutan က **“ခရီးသွားခြင်း၏ အလှတရားကို အိမ်ပြန်ရောက်၍ မိမိတို့၏ ရင်းနှီးပြီးဖြစ်သော ခေါင်းအုံးအဟောင်းလေးပေါ်တွင် ခေါင်းတင်မှေးစက်အနားယူချိန်အထိ သတိပြုမိသူ ရှားလှသည်”** ဟု ဆိုထားသည်။ ခရီးသွားပါများလာသောအခါတွင် မိမိနေရပ်သည် မွေးဖွားကြီးပြင်းခဲ့ရာ မြို့တစ်ခု၊ ပြည်နယ်တစ်ခု၊ တိုင်းပြည်တစ်ခုမျှသာမဟုတ်၊ မိမိ၏ ကမ္ဘာတစ်ခုဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး မည်သို့လိုက်လျောညီထွေစွာ နေထိုင်သွားရန်နှင့် ကူညီသွားရန် လိုအပ်ကြောင်း ပိုမိုသတိပြုမိလာနိုင်သည်။

ခရီးသွားခြင်းဖြင့် လောကကြီးအကြောင်း မိမိကြားဖူးထားသော၊ ယခင်နားလည်ယုံကြည်ထားသော အကြောင်းအချက်တချို့သည် လက်ရှိအခြေအနေနှင့် လွန်စွာကွဲပြားခြားနားနေကြောင်း သိရှိလာနိုင်သည်။ ကနဦးသိရှိထားသော ဒဏ္ဍာရီပုံပြင်များစွာသည် ခရီးသွားခြင်းကြောင့် ကွယ်ပျောက်ကုန်ကြသည်။ ခရီးသွားခြင်းသည် အလွန်ငွေကုန်ကြေးကျများသည်၊ အန္တရာယ်များသည်ဟု ထင်ထားခဲ့လျှင်လည်း အမှန်တကယ်ခရီးထွက်ကြည့်သောအခါမှ အကုန်အကျသက်သာစေရန် မည်သို့ချွေတာနေထိုင်နိုင်ကြောင်း၊ မိမိအိမ်မှာ နေခြင်းထက် ကုန်ကျစရိတ်သက်သာစေရန် မည်သို့နေထိုင်နိုင်ကြောင်း၊ မိမိမသိကျွမ်းဖူးခဲ့သည့် သူစိမ်းများနှင့် မည်သို့ခင်မင်စွာ ပေါင်းသင်းနေထိုင်နိုင်ကြောင်းကိုလည်း လေ့လာသိရှိနိုင်သည်။ မိမိသွားရောက်ခဲ့သောနေရာတိုင်း၊ မိမိတွေ့ဆုံခဲ့သော လူတိုင်း၊ မိမိတွေ့ကြုံခဲ့ရသော ယဉ်ကျေးမှုတိုင်းမှ တစ်ဆင့် ကမ္ဘာလောကကြီးကို လေ့လာခွင့်ရရှိသောအခါ လောကကြီးအကြောင်း မိမိသိရှိထားသည်မှာ လွန်စွာနည်းပါးသေးသည်ကို နားလည်လာနိုင်သည်။

ထို့ကြောင့်လည်း **“ကမ္ဘာကြီးသည် စာအုပ်တစ်အုပ်ဖြစ်ပြီး ခရီးမသွားသူသည် ထိုစာအုပ်ကို တစ်မျက်နှာမျှသာ ဖတ်သူဖြစ်သည်”** ဟု Saint Augustine က တင်စား ဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။ မိမိမည်သည့်အခြေခံမှ ပေါက်ဖွားကြီးပြင်းလာခဲ့သည်ဖြစ်စေ လူသားတိုင်းသည် (၁) သေချာမှုဟူသော ထိခိုက်နာကျင်ခြင်းမှ ရှောင်လွှဲ၍ ပျော်ရွှင်မှုရယူလိုသောလိုအပ်ချက်၊ (၂) မသေချာမှု/ အမျိုးကွဲပြားမှုဟူသော ကြိုမသိထားသည့် အပြောင်းအလဲ၊ လှုံ့ဆော်မှုကို လိုအပ်ချက်(၃) ထင်ရှားမှုဟူသော မိမိရှင်သန်မှုသည် လောကအတွက် ထူးခြားသည်၊ အရေးပါသည်၊ မိမိရှင်သန်ရန် လိုအပ်ချက်(၄) ဆက်သွယ်မှု/ မေတ္တာ ဟူသော တစ်စုံတစ်ယောက်၊ တစ်စုံတစ်ရာနှင့် နီးစပ်လိုသော၊ ပေါင်းစည်းလိုသော ပြင်းပြသည့် စိတ်ဆန္ဒလိုအပ်ချက်၊ (၅) ဖွံ့ဖြိုးမှုဟူသော မိမိအရည်အချင်း၊ အရည်အသွေးနှင့်တတ်သိနားလည်မှုကို ချဲ့ထွင်လိုသော လိုအပ်ချက်နှင့် (၆) ပါဝင်ဆောင်ရွက်မှုဟူသော အခြားသူများကို ကူညီခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ထောက်ပံ့ပေးတို့တွင် ပါဝင်ဆောင်ရွက်လိုသော လိုအပ်ချက် စသည့် လိုအပ်ချက်(၆)ရပ်တို့ မျှဝေနေကြသည်သာ ဖြစ်သည်။ ခရီးများများသွားလာလေ ထိုအချက်ကို သတိပြုမိလာလေဖြစ်လာကာ မည်သည့်အခြေခံမှ ပေါက်ဖွားကြီးပြင်းလာသည့် လူများနှင့် မဆိုပေါင်းသင်းဆက်ဆံလာနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

◆ **လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားခြင်းက အရေးပါသော ရင်းနှီးမြှုပ်နှံမှု တစ်ရပ်ဖြစ်သည်။ လူများ၊ ယဉ်ကျေးမှုများ၊ နေထိုင်မှုပုံသဏ္ဌာန်များကို မိမိနေရပ်တွင် ပုံမှန်နေထိုင်သည်ထက် ခရီးသွားသောအခါ ပိုမိုထိတွေ့ရနိုင်သည်။ ကြုံတွေ့ရသော အသစ်အဆန်းများနှင့် အတွေးအမြင်အသစ်များ၊ မိမိတို့ရှင်သန်မှုနှင့် ကမ္ဘာကြီး၏ ဖြစ်တည်မှုအကြား ဆက်စပ်မှုအပေါ် အမြင်သစ်များ ဖြစ်ပေါ်လာပြီး မိမိဘဝအတွက် လုပ်ဆောင်ရန် ရည်ရွယ်ချက်အသစ်များကို ဖြစ်ပေါ်စေ**



နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

## ဟိုပုံးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဟိုပုံး ဩဂုတ် ၁၀**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က ဒုံမေးခိုး ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ဒုံမေးခိုး) ၌ ကျင်းပသည်။



ဦးစွာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ အဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးက နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်၊ လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ ခေါင်းဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ လူငယ်များ အသိပညာ ဗဟုသုတတိုးပွားလာစေရန်၊ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေရန်နှင့် လူငယ်များ ဉာဏစွမ်းရည် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံးမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး ပါဝင်ဆွေးနွေး ပြောကြားသူများဖြစ်ကြသော ဒုံမေးခိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ဒုံမေးခိုး)မှ Grade-11 ခွန်ရင်လူ၊ Grade-11 နန်းအေးမွန်၊ Grade-11 မမေဂျူးခင်၊ Grade-8 နန်းညိုချစ်၊ Grade-7 ခွန်ဇေယျာဦးတို့က ဆွေးနွေးကြသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**



## ညောင်လေးပင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၁၀**

ညောင်လေးပင်မြို့၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာစောကလျာနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ၊ ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေတွင်းရေကန်များကို အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုံးခွတောင်သူ ၈၀၀၀ ကျော်အား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**သုံးခွ ဩဂုတ် ၁၀**

သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ တောင်သူများကို ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့ နံနက်ပိုင်းက ဆက်လက် ထုတ်ချေးပေးလျက်ရှိသည်။



ငွေမထုတ်ချေးမီ မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ခွဲ) မန်နေဂျာ ဦးဝင်းလှိုင်က မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ချေးငွေထုတ်ချေးပေးရသည့် ရည်ရွယ်ချက်၊ လိုက်နာရမည့် စည်းကမ်းချက်၊ အတိုးနှုန်းကာလ သတ်မှတ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးစရိတ် ချေးငွေများ အချိန်စေ့ ကြွေးကျန်များ ပြေကျေစွာ ပေးဆပ်ပြီးသော လက်ပန်ချောင်ကျေးရွာနှင့် ကံမြင့်ကျေးရွာမှ တောင်သူ ၂၉၁ ဦးအား တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၂၁၅၈ ဧကအတွက် ငွေကျပ် ၃၂၃၇ သိန်း ထုတ်ချေးပေးခဲ့သည်။

သုံးခွမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီ၌ တောင်သူ ၈၂၀၀ ကို ထုတ်ချေးရန် ဧက ၅၃၂၀၀ အတွက် တစ်ဧကငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၈၀၀၀၀ ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

"ခရီးသွားခြင်းက တရားမျှတမှု၊ အယူသီးမှုနှင့် စိတ်ခါတ်ရေးရာကျဉ်းမြောင်းမှုတို့ကို သုတ်သင်ချေမှုန်းပစ်နိုင်သည်"ဟူသော Mark Twin ၏ အဆိုက ဤအချက်ကို ထင်ရှားစေသည်။

**"ခရီးတစ်ခုသွားခဲ့သည့် ခရီးမိုင်အကွာအဝေးနှင့် မဟုတ်ဘဲ တွေ့ဆုံရင်းနှီးခဲ့ရသည့် မိတ်ဆွေများနှင့် တိုင်းတာခြင်းက အကောင်းဆုံးဖြစ်သည်"**ဟု Time Cahill က ဆိုထားသည်။ တစ်ခါတစ်ရံတွင် မိမိပုံမှန်နေထိုင်ရာမှ၊ ပုံစံတကျနေထိုင်မှုပုံစံမှ ခွဲထွက်၍ မိမိအကြောင်းကို မသိသော သူစိမ်းများနှင့် ပွင့်လင်းစွာဆက်ဆံရသည်မှာ ကြည်နူးပျော်ရွှင်ဖွယ်ဖြစ်သည်။ ရိုးသားဖြူစင်ခြင်း၊ ပကတိအတိုင်း ဆက်ဆံခြင်းတို့က လူအများအား အရှိကိုအရှိအတိုင်း နေထိုင်ဆက်ဆံရန် တွန်းအားတစ်ရပ်ဖြစ်သည်။ လူအများနှင့် နာရီအနည်းငယ် တွေ့ကြုံဆက်ဆံရခြင်းကလည်း ဘဝတွင် အကောင်းဆုံး မိတ်ဆွေများကို ရရှိစေနိုင်သည်။

အမြဲရှင်သန်လှုပ်ရှားနေသော ဘဝတစ်ခုကို အမြဲပိုင်ဆိုင်နိုင်ရန်မှာ ခရီးသွားရန် လိုအပ်ပါသည်။ လူသားတို့သည့် ပြောင်းလဲမှုကို တပ်မက်သည့်နည်းတူ လှုပ်ရှားမှု၊ ရွေ့လျားမှုအသစ် တစ်ခုကြုံလိုက်တိုင်း အသိအမြင် တိုးတက်လာသည်။ တစ်နေရာတည်းတွင် အစဉ်အမြဲနေထိုင်ခြင်းထက် ရွေ့လျားသွားလာနေခြင်းက ဘဝရှင်သန်ခြင်း၏ အဓိပ္ပာယ်ကို ပိုမိုလေးနက်စေသည်။

### လူတွေဘာကြောင့်ခရီးများများသွား

လောကကြီး၏ သဘာဝကို ထပ်ကာထပ်ကာ လေ့လာဖော်ထုတ်လိုခြင်း၊ အပန်းဖြေအနားယူလိုခြင်း စသည်တို့ကြောင့် လူသားတို့ ခရီးအလီလီသွားနေကြသည်။ ကမ္ဘာ့သမိုင်းတွင်ထင်ရှားကြီးကျယ်သူများမှ စူးစမ်းရှာဖွေသူများ၊ ခရီးသွားများဖြစ်ကြသည်။ အီတလီကုန်သည်ကြီး မာကိုပိုလို (Marco Polo)သည် ၂၄ နှစ်ကြာ ခရီးသွားလာခဲ့ပြီး ဥရောပသားများကို အာရှအလယ်ပိုင်းဒေသနှင့် တရုတ်ပြည်တို့အကြောင်း မိတ်ဆက်အသိပေးနိုင်ခဲ့သည်။

The Marvels of the World စာအုပ်ကိုရေးသားခဲ့သည့် ခရစ်စတိုဖာကိုလံဘတ်စ် (Christopher Columbus) သည် နှစ်ပေါင်းများစွာ ခရီးဆန့်ခဲ့ပြီး စူးစမ်းရှာဖွေမှု အမြောက်အမြား ပြုလုပ်ခဲ့ကာ အမေရိကန်တိုက်ကို တွေ့ရှိဖော်ထုတ်ခဲ့သည်။

ထို့အတူ အမေရိကန် စာရေးဆရာကြီးများဖြစ်ကြသော မာခ်တွိန်း (Mark Twain) အား နယ်စထ်ဟယ်မင်းဝေး (Ernest Hemingway) တို့သည်လည်း ဘဝတစ်လျှောက်လုံးတွင် အသစ်သစ်သောအရာများကို စမ်းသပ်လုပ်ကိုင်ခြင်း၊ လောကအသစ်ကိုရှာဖွေခြင်း၊ နေရာအသစ်များသို့ ရွေ့လျားသွားလာခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ခရီးသွားလာခြင်းဖြင့် မိမိရှင်သန်ခြင်းသည် ပိုမိုသက်ဝင်လှုပ်ရှားမှုရှိသည်ဟု ခံစားမိကြမည်ဖြစ်သည်။ အထူးသဖြင့် စက်ဘီးစီးခရီးသွားခြင်း၊ တောင်တက်ခြင်း၊ စွန့်စားခရီးစဉ်များသွားခြင်းတို့က မိမိတို့ဘဝ ရှင်သန်မှုပုံစံကို ရွှင်လန်းတက်ကြွမှုဖြင့် ပြည့်ဝစေသည်။ သဘာဝတောတောင် လျှိုမြောင်များအကြား ဖြတ်သန်းသွားလာခြင်း၊ ရွက်ဖျင်တဲဖြင့် စခန်းချခရီးသွားခြင်း (Camping) တို့ဖြင့် ဘဝကို အစစ်အမှန်ရှင်သန်နေထိုင်ခြင်းဟူသော စိတ်ခံစားမှု၊ ကမ္ဘာမြေကြီးနှင့် တစ်သားတည်းကျမှု စသည့် ကျေနပ်နှစ်သိမ့်ခြင်းကို ရရှိစေနိုင်သည်။ သာယာလှပသော နေဝင်ချိန်ရှုခင်းကို ငေးမောကြည့်ရှုရခြင်းသည် လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက လူသားတို့ ပြုလုပ်တည်ဆောက်ခဲ့သည့် ရှေးဟောင်းအမွေအနှစ်လက်ရာအပြိုအပျက်များကို မြင်တွေ့ရခြင်းသည်လည်းကောင်း ထူးဆန်းသော စိတ်ခံစားချက်ကို ရှိစေပြီး အတွေးအမြင်သစ်များကို ဖြစ်ပေါ်စေနိုင်ပါသေးသည်။

မိမိတို့၏ နေ့တိုင်း လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ၊ စိတ်သောကများ၊ ပိုင်ဆိုင်မှုများကို နောက်ချန်ထားခဲ့ပြီး နေရာဒေသအသစ်တွင် လူသစ်များနှင့် တွေ့ဆုံခင်မင်ရင်းနှီးရခြင်း၊ အသစ်အဆန်း စွန့်စားခန်းများကို ဆောင်ရွက်ခွင့်ရခြင်းတို့သည် ခရီးသွားခြင်း၏ ဆုလာဘ်များပင်ဖြစ်သည်။ နိစ္စဓူဝကိစ္စဖြင့် ပိတ်လှောင်မွန်းကျပ်နေသည့်ဘဝမှ ခဏတာ လွတ်မြောက်ခြင်းဟု ဆိုအပ်သော ခရီးသွားခြင်းသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားသော လူသားတို့ဘဝ လုပ်ဆောင်ဖွယ်များကို အင်အားပြည့်ထမ်းဆောင်နိုင်ရန် ပြန်လည်အားဖြည့်ခြင်းလည်းဖြစ်သည်။ ခရီးသွားခြင်း၏ အကျိုးကို ပိုမိုသတိပြုမိလာကြခြင်းကြောင့် နိုင်ငံတကာ ခရီးသွားလာသူဦးရေမှာလည်း လျင်မြန်စွာ တိုးတက်လာခဲ့ရာ ကမ္ဘာ့ကုလသမဂ္ဂခရီးသွားလုပ်ငန်း (UN Tourism) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် (၁ ဒသမ ၃) ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၅) ထရီလီယံအထိ ရရှိခဲ့ကြောင်း ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့်အနေအထားကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ထိုသို့ ရလဒ်ကောင်းများကို ထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား ( Travel Demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှုနှင့် ဗီဇာ အစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် ရောက်ရှိမှုအရ ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် (၁ ဒသမ ၂၈)သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် နှစ်သိန်းသုံးသောင်းကျော်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲ တိုးတက်လာပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု လေးသိန်း သုံးသောင်းကျော်ရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု နှစ်သိန်းလေးသောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၇၄ ဒသမ ၂၆ ရာခိုင်နှုန်းအထိ သိသိသာသာတိုးတက်လာသည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံသားများ၏ ပြည်တွင်းပြည်ပ ခရီးသွားခြင်းအလေ့အထများ တိုးတက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပါသည်။

စာပေအမျိုးအစားများတွင် ခရီးသွားစာပေသည် အဆင့်မြင့်စာပေ အမျိုးအစားတစ်ခုအဖြစ် ကမ္ဘာ့စာပေလောကတွင် အခိုင်အမာရပ်တည်လျက်ရှိသည်။ နေရာတစ်ခုသို့ ကိုယ်တိုင် မသွားခဲ့ဖူးသော်လည်း ထိုနေရာဒေသအကြောင်း စုံစုံလင်လင်လေ့လာခွင့်ရရှိသည်မှာ ခရီးသွားရင်း လေ့လာပြုစုခဲ့ကြသော စာပေပညာရှင်များ၏ အပင်ပန်းခံကြိုးစားအားထုတ်မှု ကျေးဇူးတို့ကြောင့်ဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် အသိပညာ၊ ဗဟုသုတများကို ရရှိနိုင်သည့်နည်းတူ နေရာဒေသတစ်ခုသို့ ကိုယ်တိုင်ရောက်ရှိခြင်းက စာဖြင့်ရေးသားဖော်ပြထားခြင်းမရှိသေးသောသီးခြားအကြောင်းအရာအသစ်များကို သိရှိနိုင်ရန် ထူးခြားသည့်အခွင့်အရေးဖြစ်သည်။ သို့ဖြစ်ရာ အသိဉာဏ်ပညာများ၊ ဗဟုသုတများ အတိုင်းအဆမရှိ ကျယ်ပြန့်လာစေရန်လည်းကောင်း၊ လူသားမျိုးစုံ၊ အစားအစာမျိုးစုံ၊ အတွေ့အကြုံအဖုံဖုံတို့ကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့နားလည်ခံစားနိုင်ရန် လည်းကောင်း၊ အမြဲရှင်သန်လှုပ်ရှားနေသော ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရရန် လည်းကောင်း အခြေအနေပေးပါက ခရီးသွားခြင်းအလေ့အထကို ပြုစုပျိုးထောင်သင့်ပါသည်။

သို့ဖြစ်၍ ယခုပွင့်လင်းရာသီအခါသမယတွင် ခရီးများများသွားခြင်းဖြင့် အပြောကျယ်လှသော ကမ္ဘာကြီးနှင့် ဘဝ၏အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် ခရီးသွားပါများက ဘဝပန်းတိုင်ခရီးကို အောင်မြင်စွာရောက်ရှိနိုင်ခြင်းအား မောင်ပေါက်ကျိုင်းရာဇဝင်က အထင်အရှားညွှန်းဆိုနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

2025 August (12) International Youth Day

"Local Youth Actions For The SDGs And Beyond"

**"လူငယ်စွမ်းအားမှသည်**
**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့"**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်း နိုင်ပွဲစတင်ရရှိပြီး လက်ရှိချန်ပီယံ Chinland အသင်း နိုင်ပွဲဆက်

**ရန်ကုန် ဩဂုတ် ၁၀**

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ဩဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ Chinland အသင်းနှင့် ကချင်ယူနိုက်တက် နိုင်ပွဲရယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက YB United အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် တန်းတက်အသင်းကို ဂိုးပြတ်သွင်းယူကာ ပထမဆုံး နိုင်ပွဲစတင်ရရှိခဲ့သည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၃၊ ၅၃ မိနစ်တွင် ဆိုင်းအောင်၊ ၄၈ မိနစ်တွင် သက်ပိုင်စိုးနှင့် ၇၆ မိနစ်တွင် ချစ်ထွေးတို့က သွင်းယူသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းက ရန်ကုန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ Chinland အသင်းသည် နှစ်ပွဲဆက်တိုက် အနိုင်ရပြီး ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့်အပြင် နိုင်ငံခြားသားကစားသမားများနှင့် လက်ရွေးစင်အဆင့် ကစားသမားများ ခေါ်ယူထားသည့် ရန်ကုန်စီးတီးအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သည်။ Chinland အသင်းအတွက် ဂိုးများကို ၅၁ မိနစ်တွင် ဟိန်းသက်ဖြိုး၊ ၉၀+၁ မိနစ်တွင် လှဖုန်းဦးတို့က သွင်းယူပြီး ရန်ကုန်စီးတီးအသင်းအတွက် ချေပဂိုးကို ၈၃ မိနစ်တွင် ယောကူဆီက သွင်းယူသည်။

ပွဲစဉ် (၂) အပြီးတွင် Chinland အသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး မြဝတီ၊ ကချင်ယူနိုက်တက်နှင့် တက္ကသိုလ်အသင်းတို့က လေးမှတ်စီ၊ ရန်ကုန်စီးတီးအသင်းက သုံးမှတ်၊ Glory Goal အသင်းက တစ်မှတ်ရရှိထားပြီး YB United အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သော်လေး၊ ဓာတ်ပုံ-MNL**




ကချင်ယူနိုက်တက်နှင့် YB United အသင်း ယှဉ်ပြိုင်စဉ်။

## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း အိန္ဒိယအသင်းကို အရေးနိမ့်ပြီး ခြေစစ်ပွဲမအောင်မြင်

**ရန်ကုန် ဩဂုတ် ၁၀**

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် အိန္ဒိယအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။

မြန်မာအသင်းသည် အိန္ဒိယအသင်းကို အနိုင် သို့မဟုတ် သွင်းဂိုးရရှိပြီး သရေကစားနိုင်ပါက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မထင်မှတ်ဘဲ ရှုန်းကန်ခဲ့ရပြီး အိန္ဒိယအသင်း၏ ခံစစ်ကစားပုံကို မကျော်နိုင်သဖြင့် လိုအပ်နေသည့် သွင်းဂိုးများမရဘဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယဉ်လွန်းအိမ်၊ ဒေစီအောင်၊ အိသက်ဖြိုး၊ စုစုခင်၊ နန်းချိုမွှေး၊ ယုယုနိုင် စသည့်အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသည်။ မြန်မာကစားသမားများအနေဖြင့် စိုးရိမ်စိတ်များနေပြီး ပွဲစကတည်းက အမှားများခဲ့သည်။ တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသည့်အပြင် အိန္ဒိယအသင်း ခံစစ်ကို မကျော်နိုင်သဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရဖြစ်နေသည်။ နိုင်ပွဲရမှ ခြေစစ်ပွဲအောင်မြင်မည့် အိန္ဒိယအသင်းသည် မြန်မာအသင်းကို အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ၂၇ မိနစ်တွင် ပူဂျာက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံ လိုအပ်ချက်များရှိနေသဖြင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။

ခြေစစ်ပွဲအပြီးတွင် အိန္ဒိယအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက ရမှတ် ငါးမှတ်၊ မြန်မာအသင်းက ရမှတ် လေးမှတ်ရရှိကာ တာ့ခ်မင်နစ္စတန်အသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။

**ရဲရင့်လွင်**

**လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

❒ *ကျော်ဖုံးမှ*

ချာလ်တန်အသင်းသည် လိဂ်ဝမ်းမှ တန်းတက်လာသည့် အသင်းဖြစ်ပြီး ဝက်ဖို့ဒ်အသင်းကို အကောင်းဆုံး တုံ့ပြန်ကစားကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ချာလ်တန် အသင်းသည် ပွဲအစပိုင်းကတည်းက ဝက်ဖို့ဒ်အသင်းကို ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ဝက်ဖို့ဒ်အသင်း ဂိုးသမားဆဲလ်ဗစ်သည် ချာလ်တန်အသင်းကစားသမားများ၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို အကောင်းဆုံး ကာကွယ်နိုင်ခဲ့သည်။ ချာလ်တန်အသင်းသည် ဝက်ဖို့ဒ်အသင်းထက် ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သည်။

ချာလ်တန် အသင်းသည် ချန်ပီယံရှစ်သို့ တန်းတက်လာပြီးနောက် ပထမဆုံးပွဲတွင်ပင် အဖိုးတန်နိုင်ပွဲကို ရယူနိုင်ခဲ့သောကြောင့် အသင်းပရိသတ်များအတွက် စိတ်ကျေနပ်စရာဖြစ်ခဲ့သည်။ ပြိုင်ဘက်ဝက်ဖို့ဒ်အသင်းက နည်းပြသစ်ပေါ်လိုရဲ့ ပထမဆုံး ပွဲစဉ်တွင် စိတ်ပျက်ဖွယ်ရာ ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချာလ်တန်အသင်းနှင့်အတူ ဆောက်သမ်တန်၊ မစ်ဒယ်ဘရော့၊ မီဝေါ၊ ပို့စ်မောက်၊ စတုတ်၊ ဘရစ္စတိုးလ်၊ ဝက်စ်ဘရွန်းအသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့သည်။

**အောင်ဇော်**




ချာလ်တန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို နှစ်ဘ်ဝက်ဖို့ဒ် အသင်းဘက်သို့ သွင်းယူစဉ်။

# စဥ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ ဩဂုတ် ၈ ရက်က ဆိုင်ကယ်လုယက်မှု ကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဥ်မှာ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာနေ ကိုသန့်ဇင်ဖြိုး ၂၃ နှစ်သည် ၎င်းပိုင်ဆိုင်သော MDY-57W/20689 Honda Click ဆိုင်ကယ်ဖြင့် ရွာသာရွာကျေးရွာအနီးရှိ မြလိပ်တောင်ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသော အဘွားဖြစ်သူ ဒေါ်ဆန်းမြင့်အား ခေါ်ဆောင်ရန် ရွာသာရွာကျေးရွာနှင့် စိုက်ပျိုးရေးကျေးရွာသွား တောင်ခြေလမ်းအတိုင်း သွားရောက်စဥ် တောင်ခြေလမ်းအဝင်အရောက် အမည်မသိ အမျိုးသားနှစ်ဦးကိုတွေ့ရှိရပြီး ၎င်းတို့အနက် အမျိုးသားတစ်ဦးက ကိုသန့်ဇင်ဖြိုး စီးနင်းလာသော ဆိုင်ကယ်၏ ယာဘက် ရှေ့ခေါင်းပိုင်းအား ခြေထောက်ဖြင့်ကန်ရာ ကိုသန့်ဇင်ဖြိုးမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်နှင့်အတူ လဲကျသွားစဥ် တောအတွင်း၌ ပုန်းအောင်းနေသော အမည်မသိ အမျိုးသားနှစ်ဦး ထပ်မံရောက်ရှိလာပြီး ၎င်းတို့လေးဦးမှ ကိုသန့်ဇင်ဖြိုး စီးနင်းလာသည့် တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ရှိ MDY-57W/20689 Honda Click ဆိုင်ကယ်တစ်စီး၊ တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ရှိ ရွှေလက်စွပ် တစ်ကွင်းတို့ကို ယူဆောင်၍ ၎င်းတို့လေးဦး စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ စိုက်ပျိုးရေးကျေးရွာဘက်သို့သွားသည့် လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဖြစ်စဥ်ဖြစ်ပွားမှုအပေါ် ကိုသန့်ဇင်ဖြိုး၏ သတင်းပေးတိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာကို ရောက်ရှိစစ်ဆေးခြင်း၊ တရားခံများ ထွက်ပြေးရာဘက်သို့ လိုက်လံစုံစမ်းဖော်ထုတ်ခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ မီးသွေးဘုတ်ကျေးရွာအနီးအရောက်တွင် သမီးရည်းစားစုံတွဲတစ်တွဲထံမှ ဆိုင်ကယ်အား ထပ်မံလုယက်နေသည်ကို တွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံ အမျိုးသားတစ်ဦး အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ သက်ပိုင်ဦး (ခ) ပိုင်ကြီး ၁၉ နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ကျန်အမျိုးသားသုံးဦးမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျွဲနဖားကျေးရွာ အနီးအရောက်တွင် အမရပူရမြို့နယ် တောင်တမန်ကျေးရွာနေ ထိန်လင်းနိုင် (ခ) အာကြီး ၂၆ နှစ် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ မျိုးသခ်(ခ)ကုလား ၁၆ နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ ကျော်မိုးမြင့်(၂၃)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို စဥ့်ကိုင်မြို့မ ရဲစခန်း၌ (ပ)၁၁၆-၁၁၇/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၂/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးနှင့် အခြားပြစ်မှုများ ဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဥ်**

# ဗဟန်းမြို့နယ်၌ ဓားထိုးမှုဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦးဒဏ်ရာရရှိမှုမှ ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသားတစ်ဦးကို ၎င်း၏ဇနီးဖြစ်သူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဒေါ်စမ်းစမ်းအေး ၅၉ နှစ်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ဦးလတ်ခန်အရေ ၃၀ နှစ်နှင့်အတူ ဩဂုတ် ၅ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာမှ နေအိမ်သို့ပြန်ရန် မြန်မာပလာဇာအောက် ထပ်ကားပါကင်၌ ရပ်ထားသည့် ကားအနီးသို့ ရောက်ရှိစဥ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)မှ ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ကာ ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်စမ်းစမ်းအေးတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဦးလတ်ခန်အရေတွင် ဓားဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ တရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဗဟန်းမြို့မ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံများကို ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားခံနှစ်ဦးမှာ မြန်မာပလာဇာသို့ YGN-43 1I/1190 Toyota Vitz အမျိုးအစား ခဲရောင်ယာဉ်ဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၅၇ မိနစ်တွင် ရောက်ရှိလာပြီး B2 ကားပါကင်တွင် ရပ်ထားခဲ့ကာ သေဆုံးသူ ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် YGN-13 4M-8749 Toyota Harrier အဖြူရောင်ယာဉ်သည် မွန်းလွဲ ၂ နာရီ ၂ မိနစ်တွင် ရောက်ရှိလာ၍ B2 ကားပါကင် A ဇုန်အနီးတွင် ရပ်တန့်ပြီး ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် မြန်မာပလာဇာပေါ်သို့ တက်သွားခဲ့သည်။

ထို့နောက် တရားခံနှစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်သည် ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် မော်တော်ယာဉ်အနီးသို့ ပြောင်းလဲရပ်တန့်ခဲ့ပြီး ညနေ ၄ နာရီ ၂၇ မိနစ်တွင် ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် ၎င်းတို့ ကားရပ်ထားသည့်နေရာသို့ သွားရောက်စဥ် တရားခံနှစ်ဦးမှ ကားပေါ်မှဆင်း၍ ဒေါ်စမ်းစမ်းအေးအား ဓားဖြင့်ထိုးခဲ့ကာ ဦးလတ်ခန်အရေက ပြန်လည်ခုခံသဖြင့် တရားခံတစ်ဦးမှ ဝင်ရောက်ထိုးကြိတ်ခဲ့သည်။

ယင်းနောက် တရားခံနှစ်ဦးသည် အခင်းဖြစ်နေရာမှ မြန်မာပလာဇာရှေ့ ကမ္ဘာအေး ဘုရားလမ်းပေါ်သို့ ထွက်ပြေးကာ တက္ကစီယာဉ်အမှတ် YGN-33 FF-1233 Toyota Caldina အဖြူရောင်ယာဉ်အား ငှားရမ်းပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်သွားကြောင်း၊ အငှားယာဉ်မောင်းအား စစ်ဆေးခဲ့ရာ အဆိုပါတရားခံနှစ်ဦးကို အင်းစိန်မြို့နယ် ပြည်လမ်း ၁၀ မိုင်ကုန်း ကားမှတ်တိုင်အနီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ တရားခံနှစ်ဦး၏ CCTV မှတ်တမ်းအား ဒေါ်စမ်းစမ်းအေး၏ သမီးဖြစ်သူ မပိုပိုအိန္ဒြာချစ်အား ပြသမေးမြန်းခဲ့ရာ တစ်ဦးမှာ မိခင်ဖြစ်သူနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းအတူ လုပ်ကိုင်ပြီး မိခင်ဖြစ်သူအား အကြွေးပေးရန်ရှိသူ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ INNO City တွင် တည်းခိုနေထိုင်သူ မြတ်သူရကျော် ၃၁ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မြစ်ငယ်-ထုံးဘိုလမ်းခွဲ မြို့မအဝင်ဂိတ်တွင် ၎င်း၏ဇနီးဖြစ်သူ မအေးစုအိစံ(ခ) ဘေဘီ ၂၆ နှစ်(ဘ) ဦးဝင်းချို အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် သိပ္ပံ(၉)လမ်း၊ Royal Thiri ကွန်ဒို၊ အမှတ်(၆၀၈) နေသူနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ မြတ်သူရကျော်ကို စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူဒေါ်စမ်းစမ်းအေးအားပေးရန် အကြွေးများရှိသဖြင့် ငွေကြေးလိုအပ်ချက်များကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူ အမျိုးသားတစ်ဦး (စိစစ်ဆဲ)ကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဥ်**

◆ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရှိသည် အမာခံကစားသမား အများစုကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း တီမောအသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ဝင်းသိင်္ဂီထွန်းက ၄၂ မိနစ်တွင် သွင်းယူပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရှိရန် ကြိုးပမ်းလာပြီး ဝင်းသိင်္ဂီထွန်းက ၅၅၊ ၆၂ မိနစ်တွင် နှစ်ဂိုးထပ်သွင်းကာ ဟက်ထရစ်ရရှိခဲ့သည်။ ဟက်ထရစ်သွင်းယူသည့် ဝင်းသိင်္ဂီထွန်းသည် ယခုပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဖိလစ်ပိုင်အသင်းနှင့် ဩစတြေးလျအသင်းတို့က သုံးမှတ်စီရရှိထားကာ တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဩစတြေးလျအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (က) တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့က နှစ်ပွဲစီကစားအပြီးတွင် ခြောက်မှတ်စီရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားပြီဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-VFF**

❍ *ကျောဖုံးမှ*

SGF အသင်းနှင့် Jullniss အသင်း ဂိုးမရှိသရေ၊ Victoria အသင်းနှင့် King Cobra အသင်း နှစ်ဂိုးစီသရေ၊ Avengers Junior အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ထိပ်ဆုံးမှ Kyaung Sayar Tharhtwe အသင်းသည် နိုင်ပွဲဆက်နေပြီး ငါးပွဲအလိုတွင် ၁၀ မှတ်အသာရထားသဖြင့် ချန်ပီယံဆုရယူနိုင်ရန် နီးစပ်လာပြီဖြစ်သည်။

ပွဲစဥ် (၁၇) အပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၅၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၄၁ မှတ်၊ Golden Boys အသင်းက ၃၃ မှတ်၊ SGF အသင်းက ရမှတ် ၃၀၊ Victoria အသင်းက ၂၉ မှတ်၊ Jullniss အသင်းက ၂၄ မှတ်၊ King Cobra အသင်းနှင့် Avengers Junior အသင်းတို့က ၂၃ မှတ်စီ၊ မလိခအသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ရှစ်မှတ်၊ TKA Star အသင်းက ခြောက်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

**မောင်ညီ၊ ဓာတ်ပုံ-MFF**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ Maryar NOKA အသင်းအတွက် ဂိုးများကို ၁၃ မိနစ်တွင် မြတ်နိုး၊ ၁၉၊ ၃၈ မိနစ်တွင် နေမျိုးသက်နှင့် ၁၃ မိနစ်တွင် ဇင်မင်းသူတို့က သွင်းယူပြီး P.S Star အသင်းအတွက် ဂိုးများကို ခုနစ်မိနစ်တွင် ရဲမင်းအောင်၊ ၁၁၊ ၁၉ မိနစ်တွင် ချမ်းဟိန်းကျော်တို့က သွင်းယူခဲ့သည်။ P.S Star အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရခြင်းဖြစ်သည်။

ခြေစစ်ပွဲတွင် အသင်းသုံးသင်း ယှဉ်ပြိုင်ပြီး Maryar NOKA အသင်းက နှစ်ပွဲစလုံးအနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ P.S Star အသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ပြီး King Cobra အသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်၍ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

**အလင်းအိမ်၊ ဓာတ်ပုံ-MFF**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်။ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဘရူနိုင်းနိုင်ငံ၌ ဆန်ကို ၁၀၀ ရာခိုင်နှုန်းဖူလုံအောင် ထုတ်လုပ်ရန် အရှိန်မြှင့်ကြိုးပမ်းလုပ်ဆောင်

**ဘန်ဒါဆရီဘီဂါဝန် ဩဂုတ် ၁၀**

ဘရူနိုင်းနိုင်ငံသည် စားရေရိက္ခာဖူလုံရေး မဟာဗျူဟာ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန်ကို ၁၀၀ ရာခိုင်နှုန်း ဖူလုံအောင်ထုတ်လုပ်ရန် အရှိန်မြှင့် ကြိုးပမ်း လုပ်ဆောင်နေကြောင်း အစိုးရဝန်ကြီးတစ်ဦးက ဩဂုတ် ၉ ရက်တွင် ပြောသည်။

ဘရူနိုင်းနိုင်ငံသည် တစ်ရာသီအတွင်း တစ်ဟက်တာလျှင် အထွက်နှုန်း မက်ထရစ်ငါးတန်မှ ခုနစ်တန် အထိရှိနိုင်သည့် စပါးမျိုးစိတ်သစ်တစ်မျိုးကို မိတ်ဆက်ပေးခဲ့ကြောင်း ဥပဒေပြုလွှတ်တော်၌ သယံဇာတနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဟာဂျီအဗ္ဗဒူလ်မာနက် မေတူစင်က ပြောသည်။

ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် မြေဆီလွှာကို သဘာဝမြေဩဇာများအသုံးပြုပြီး ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ခြင်း၊ ရေသွင်းရေထုတ်စနစ်များကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ခြင်း၊ ရိတ်သိမ်းပြီးချိန်တွင် လုပ်ဆောင်ရမည့် နည်းစနစ်များကို အဆင့်မြှင့်တင်ခြင်းနှင့် တောင်သူလယ်သမားများကို ခေတ်မီစက်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ပါဝင်ကြောင်း သိရသည်။ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့်လည်း ဆန်စပါးစိုက်ပျိုးရေးကျောင်း အစီအစဉ်မှတစ်ဆင့် တောင်သူလယ်သမားများ၏ ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်မှုကို အားဖြည့်ပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**






## တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ တောမီးလောင်မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အစ္စတန်ဘူလ် ဩဂုတ် ၁၀**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ကန်နက်ခဲလ်ပြည်နယ်၌ ဩဂုတ် ၈ ရက်က တောမီးလောင်မှု နှစ်ခုဖြစ်ပွားပြီး နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကာ လူ ၁၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း အာဏာပိုင်များက ဩဂုတ် ၉ ရက်က ပြောကြားသည်။

တောမီး လောင်မှုကြောင့် စကက်ခ်လီကျေးရွာ၌ အဆောက်အအုံ ၄၃ လုံးပျက်စီးသွားခဲ့ကြောင်း၊ အခြားကျေးရွာများ၏ အပျက်အစီးများကိုလည်း စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ မြို့ပြနှင့်ရာသီဥတုပြောင်းလဲမှုဝန်ကြီး မူရတ်ကူရမ်က လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

ဒေသခံ ၁၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဘရာဟင်ယုမက်ခ်လီက ပြောသည်။

မီးလောင်မှုကြောင့်လေကြောင်းသွားလာမှုများနှင့် အေဂျီယံပင်လယ်မှ မာမာရာပင်လယ်သို့ ချိတ်ဆက်ကာ နိုင်ငံတကာ သင်္ဘောအသွားအလာများအတွက် အရေးကြီးသော လမ်းကြောင်းတစ်ခုဖြစ်သည့် ဒါဒန်နဲလက်စ်ရေလက်ကြားတွင် ရေကြောင်းသွားလာမှုများလည်း ယာယီပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

## အိုင်အက်စ်အက်စ်တွင် ငါးလခန့်ကြာတာဝန်ထမ်းဆောင်ပြီးနောက် ကမ္ဘာမြေသို့ SpaceX Crew-10 အာကာသယာဉ်မှူးများ ပြန်လည်ရောက်ရှိ

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၀**

နာဆာ၏ SpaceX Crew- 10 အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) တွင် ငါးလခန့်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ဩဂုတ် ၉ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်မှူး လေးဦးပါသော SpaceX ဒရက်ဂွန် အာကာသယာဉ်သည် ဩဂုတ် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၃ မိနစ်က ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုကမ်းလွန်ပင်လယ်ပြင်သို့ ဆင်းသက်နိုင်ခဲ့သည်။ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာသော အာကာသယာဉ်မှူးများမှာ နာဆာမှ အာကာသယာဉ်မှူးများ ဖြစ်သည့် မက်ကလိန်းနှင့် အယာစ်၊ ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီမှ အာကာသယာဉ်မှူး အိုနီရှိနှင့် ရုရှားအာကာသယာဉ်မှူး ပက်စ်ကော့ဗ်တို့ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးများသည် အာကာသစခန်းတွင် ရှိနေစဉ်အတွင်း လက်တွေ့စမ်းသပ်မှုများနှင့် နည်းပညာသရုပ်ပြမှုများကို ဒါဇင်နှင့်ချီ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**



SpaceX Crew-10 အာကာသယာဉ်မှူးများ လေထီးအကူအညီဖြင့် ဆန်ဒီယေဂိုကမ်းလွန်ပင်လယ်ပြင်သို့ ဆင်းသက်စဉ်။

## ဘရာဇီးနိုင်ငံ၌ ဘတ်စ်ကားနှင့် ထရပ်ကားတိုက်မိ ၁၁ ဦးသေဆုံး၊ ၄၆ ဦးဒဏ်ရာရရှိ

**ဆော်ပိုလို ဩဂုတ် ၁၀**

ဘရာဇီးနိုင်ငံ အနောက်အလယ်ပိုင်း မာတိုဂရိုဆိုပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်၌ ဩဂုတ် ၈ ရက်နှောင်းပိုင်းက ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီး တိုက်မိမှုဖြစ်ပွားပြီး ၁၁ ဦးထက်မနည်းသေဆုံးပြီး ၄၆ ဦးဒဏ်ရာရရှိကြောင်း ဘရာဇီးဖက်ဒရယ်အဝေးပြေး ရဲတပ်ဖွဲ့က ဩဂုတ် ၉ ရက်က ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် ထရပ်ကားမောင်းနှင်သူအပါအဝင် ၁၂ဦးမှာ ပြင်းထန်ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ Agencia Brasil က ဖော်ပြထားသည်။

ယာဉ်မတော်တဆမှုမှာ ပြည်နယ်၏မြို့တော် ကွီအာဘာ၏ ၃၆၀ ကီလိုမီတာခန့်ရှိ လူးကပ်စ်ဒိုရီယိုဗာဒီမြို့အနီးတွင် ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါဘတ်စ်ကားမှာ ဘရာဇီးနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် အဓိကျသောနေရာတစ်ခုဖြစ်သည့် ကွီအာဘာမှ ဆိုင်နော့သို့ သွားခြင်းဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## တောင်ကျချောင်း ရေကြီးမှုဒဏ်ခံရသည့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းခရိုင်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ

**လန်ကျိုး ဩဂုတ် ၁၀**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုပြည်နယ် ယုကျုံးဒေသတွင် တောင်ကျရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး လမ်းများပျက်စီးခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် လမ်းများပြန်လည်ဖွင့်နိုင်ခဲ့ပြီဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားလိုင်းလည်း ပြန်လည်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသဘာဝဘေးကြောင့် ၁၃ ဦးသေဆုံးကာ ၃၀ ပျောက်ဆုံးခဲ့ရသည်။ ပြည်နယ်မြို့တော် လန်ကျိုးရှိ သယ်ယူပို့ဆောင်ရေး အာဏာပိုင်များ၏ ပြောကြားချက်အရ ထိခိုက်မှုအများဆုံးဒေသရှိ လမ်းများကို ဩဂုတ် ၁၀ ရက်တွင် ပြန်ဖွင့်နိုင်ခဲ့ပြီဟု သိရသည်။ အဆိုပါလုပ်ငန်းစဉ်များတွင် ကယ်ဆယ်ရေးသမား ၇၀၀ ကျော်၊ စက်ကိရိယာနှင့် ယာဉ်ပေါင်း ၂၀၀ ကျော် ပါဝင်ခဲ့ကြသည်။ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဒေသခံများမှာ ဩဂုတ် ၉ ရက် ညပိုင်းကပင် လျှပ်စစ်ဓာတ်အားကို ပြန်လည်ရရှိခဲ့ကြသည်ဟု လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက ပြောသည်။

ကယ်ဆယ်ရေးယာဉ် ၇၃ စီး၊ မီးစက် ၄၂ လုံး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးယာဉ်သုံးစီးတို့နှင့်အတူ ပြုပြင်ရေးဝန်ထမ်း ၃၃၀ တို့က လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဩဂုတ် ၇ ရက် ညနေပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး တောင်ကျချောင်းရေကြီးမှုကို ဖြစ်ပေါ်စေကာ ယုကျုံးနှင့် လန်ကျိုးရှိ အခြားသောနေရာများကိုရေကြီးမှုဖြစ်ပေါ်စေခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## မော်လ်ဒိုက်နိုင်ငံ၌ တစ်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၈ ခုစံချိန်တင်ရရှိခဲ့

**မာလီ ဩဂုတ် ၁၀**

မော်လ်ဒိုက်အစိုးရသည် တစ်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၈ ခုကို ဆွဲဆောင်နိုင်ခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ တိုးတက်လာခဲ့ကြောင်း နိုင်ငံပိုင် ပီအက်စ်အမ် သတင်းတွင် ဩဂုတ် ၉ ရက်က ဖော်ပြခဲ့သည်။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြား ရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးကာလဟု သတ်မှတ်ထားချိန်ကပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ၈၁ ခုသာရှိကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး မိုဟမ်မက်ဆာအိဒ်က ပြောသည်။

သို့သော်လည်း သမ္မတမိုဟာမက်မူအစ်ဇူ သမ္မတဖြစ်လာသည့်အချိန်မှစတင်ကာ တစ်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း ၁၀၈ခု ရှိလာကြောင်း ၎င်းက ဆက်လက်ပြောသည်။ လက်ရှိအစိုးရသည် စီးပွားရေးဖိုရမ်များ လက်ခံကျင်းပနေသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဖိုရမ်များသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုံစမ်းမေးမြန်းမှုများနှင့် မော်လ်ဒိုက်တွင် ရင်းနှီးမြှုပ်နှံရန် စာရင်းပေးသွင်းမှုများကို တိုးမြင့်လာစေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ယခုနှစ် ဧပြီလနှင့် မေလ၏ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ

**---- လင်းလက်ကြယ် ----**

- ❑ ဒရုန်းကြားဖြတ် ပစ်ချဟန့်တားရေးလေ့ကျင့်မှုကို ဧပြီ ၂၇ ရက်က ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းရဲ့ အနောက်ဘက်ခြမ်းမှာ ပြုလုပ်ခဲ့ပြီး တပ်ဖွဲ့ဝင် ၁၄၀၀၀ ကျော် ပါဝင်ခဲ့
- ❍ ကလေးသူငယ်နဲ့ မိသားစုအေဂျင်စီက အသက် ကိုးနှစ်အထိ ကလေးငယ်တွေရဲ့ အင်တာနက်အသုံးပြုမှုနဲ့ ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်
- ❖ ကမ္ဘောဒီးယားနိုင်ငံမှာ အဆုတ်၊ ရင်သား၊ အူမကြီးနဲ့ သားအိမ်ခေါင်း ကင်ဆာရောဂါပြီးနောက် အသည်းကင်ဆာမှာ အဖြစ်အများဆုံး ကင်ဆာအမျိုးအစားဖြစ်

## အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ အာဖရိကအာကာသ အေဂျင်စီရုံးချုပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာရှိတဲ့ အီဂျစ်အာကာသမြို့တော်မှာ အာဖရိကအာကာသ အေဂျင်စီ (အေအက်ဖ်အက်စ်အေ) ရုံးချုပ်ကို ဧပြီ ၂၀ ရက်က ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပါတယ်။ အီဂျစ်အာကာသအေဂျင်စီ၏ အမှုဆောင်အရာရှိချုပ် ရှာရစ်ဆက်ခ်ီက အေအက်ဖ်အက်စ်အေဖွင့်ပွဲ အခမ်းအနားဟာ အာဖရိကတိုက်ရဲ့ သမိုင်းမှာ အရေးပါတဲ့ မှတ်တိုင်တစ်ခုဖြစ်တယ်လို့ ပြောပါတယ်။ ဒါ့အပြင် အေအက်ဖ်အက်စ်အေက အာဖရိကနိုင်ငံအားလုံးအတွက် တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ တိုးတက်မှုတွေရဲ့ လမ်းပြအလင်းရောင်တစ်ခု သဖွယ်ဖြစ်လာမယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။ အာဖရိကသမဂ္ဂက လိုအပ်တဲ့ နိုင်ငံရေးနဲ့ နည်းပညာစံနှုန်းတွေ ပြည့်မီတဲ့အတွက် အီဂျစ်နိုင်ငံကို အေအက်ဖ်အက်စ်အေရဲ့ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်မှာ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**ဆင်ဟွာ**

## နီပေါနိုင်ငံမှာ ငလျင်ကြီးလှုပ်ခတ်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ်ပြုလုပ်

နီပေါပြည်သူတွေဟာ လူအသေအပျောက်များတဲ့ ငလျင်ကြီးလှုပ်ခတ်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဧပြီ ၂၅ ရက်မှာ အောက်မေ့ဖွယ်အခမ်းအနား ပြုလုပ်ခဲ့ကြပါတယ်။ နီပေါနိုင်ငံမှာ ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်ကြီး လှုပ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၉၀၀၀ ခန့် သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။ အစိုးရက စီစဉ်ကျင်းပတဲ့ အောက်မေ့ဖွယ်အခမ်းအနားကို မြို့တော် ခတ္တမန္ဒူအနီးမှာ ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့တဲ့ တပ်မတော်သားတွေနဲ့ ရဲအရာရှိတွေ အပါအဝင် လူပေါင်း ၃၀၀၀ ခန့်နဲ့ ကျန်ရစ်သူမိသားစုဝင်တွေဟာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ခဲ့ကြပါတယ်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်နဲ့ ဖိလစ်ပိုင်တို့ ပထမဆုံးအကြိမ် ဒရုန်းကြားဖြတ်ပစ်ချ ဟန့်တားရေးလေ့ကျင့်မှု ပြုလုပ်

အမေရိကန်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့ ဒရုန်းကြားဖြတ်ပစ်ချ ဟန့်တားရေးလေ့ကျင့်မှုကို ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီ ဒရုန်းကြားဖြတ် ပစ်ချဟန့်တားရေးလေ့ကျင့်မှုကို ဧပြီ ၂၇ ရက်က ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းရဲ့ အနောက်ဘက်ခြမ်းမှာ ပြုလုပ်ခဲ့ပြီး တပ်ဖွဲ့ဝင် ၁၄၀၀၀ ကျော် ပါဝင်ခဲ့ပါတယ်။ ဒရုန်းတိုက်ဖျက်




ရေးလေ့ကျင့်မှုမှာ အမေရိကန်တပ်မတော်က အမြင့်ပေအနိမ့်ပိုင်းမှာ ပျံသန်းနေတဲ့ ဒရုန်းတွေကို ကြားဖြတ်ပစ်ချဖို့ တီထွင်ထုတ်လုပ်တဲ့ ရွေ့လျားလေကြောင်းရန် ကာကွယ်ရေးစနစ်အသစ်ကို အသုံးပြုခဲ့ပါတယ်။

**အင်န်အိတ်ချ်ကေ**

## ၂၀၂၄ ခုနှစ်မှာ ကမ္ဘာ့စစ်ရေးအသုံးစရိတ် ၂ ဒသမ ၇၂ ထရီလီယံနဲ့ အမြင့်ဆုံးရောက်လာ

စစ်အေးကာလနောက်ပိုင်း ၂၀၂၄ ခုနှစ်မှာ ကမ္ဘာ့စစ်ရေးအသုံးစရိတ်ဟာ အမြင့်ဆုံးရောက်ရှိလာကြောင်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအဖွဲ့ (SIPRI) က ဧပြီ ၂၈ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ကမ္ဘာ့စစ်ရေး အသုံးစရိတ် ၂ ဒသမ ၇၂ ထရီလီယံရှိခဲ့ပြီး ၂၀၂၃ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ ဆိုပါတယ်။ ယင်းမှာ စစ်အေးကာလနောက်ပိုင်း နှစ်အလိုက် အမြင့်ဆုံးနှုန်းနဲ့ မြင့်တက်လာခြင်းဖြစ်ပြီး အထူးသဖြင့် ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသတွေမှာ တစ်ဟုန်ထိုး မြင့်တက်လာတယ်လို့ ဖော်ပြထားပါတယ်။

ဥရောပစစ်ရေးအသုံးစရိတ်မှာ ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၆၉၃ ဘီလီယံအထိ ရှိလာပါတယ်။ အရှေ့အလယ်ပိုင်း စစ်ရေးအသုံးစရိတ်မှာ ၁၅ ရာခိုင်နှုန်း မြင့်တက်လာပြီး ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂၄၃ ဘီလီယံရှိလာကြောင်း၊ အစ္စရေးနိုင်ငံရဲ့ စစ်ရေးအသုံးစရိတ်မှာ ၆၅ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅ ဘီလီယံရှိလာကြောင်းနဲ့ ယင်းမှာ ၁၉၆၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးတိုးလာခြင်း ဖြစ်ပါတယ်။

အမေရိကန်က ကမ္ဘာ့စစ်ရေးအသုံးစရိတ် သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၉၉၇ ဘီလီယံနဲ့ အသုံးစရိတ် အမြင့်မားဆုံးနိုင်ငံအဖြစ် ဆက်လက်ရှိနေပြီး အဆိုပါ စစ်ရေးသုံးစွဲမှု ပမာဏမှာ ၂၀၂၄ ခုနှစ် ကမ္ဘာ့စစ်ရေးအသုံးစရိတ် စုစုပေါင်းရဲ့ ၃၇ ရာခိုင်နှုန်းရှိပါတယ်။ ဒါ့အပြင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်တွေရဲ့ စုစုပေါင်း ကာကွယ်ရေးအသုံးစရိတ်မှာ ၁ ဒသမ ၅ ထရီလီယံရှိပြီး ယင်းမှာ ကမ္ဘာ့စစ်ရေးအသုံးစရိတ်ရဲ့ ၅၅ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံမှာ ကလေးငယ်များ အင်တာနက်အသုံးပြုမှု ပိုမိုများပြားလာ

ဂျပန်နိုင်ငံမှာ နှစ်စဉ်ကောက်ယူနေကျစစ်တမ်းတစ်ခုအရ ကလေးငယ်တွေဟာ အင်တာနက်ကို ပိုမိုအသုံးပြုလာကြတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ ကလေးသူငယ်နဲ့ မိသားစုအေဂျင်စီက အသက် ကိုးနှစ်အထိ ကလေးငယ်တွေရဲ့ အင်တာနက်အသုံးပြုမှုနဲ့ ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက် ကိုးနှစ်အထိ ကလေးငယ်တွေရဲ့ မိဘ ၃၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့ရာမှာ ၁၉၆၄ ဦး ပြန်လည်တုံ့ပြန်ဖြေကြားခဲ့ပါတယ်။

ကလေးငယ်တွေအနက် ၇၈ ဒသမ ၅ ရာခိုင်နှုန်းမှာ ဗီဒီယိုကြည့်ခြင်း၊ ဂိမ်းကစားခြင်းအပါအဝင် အင်တာနက်ကို အသုံးပြုကြသည်ဟု ဆိုပါတယ်။ ဂျပန်နိုင်ငံမှာ ကလေးငယ်တွေ အင်တာနက်အသုံးပြုမှု နှစ်စဉ်မြင့်တက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်က မှတ်တမ်းတင်ထားတဲ့ ၅၆ ဒသမ ၉ ရာခိုင်နှုန်းထက် ၂၀၂၄ ခုနှစ်မှာ ၂၂ ရာခိုင်နှုန်း ပိုများလာတယ်လို့ ဆိုပါတယ်။

အသက်အရွယ်အလိုက် အင်တာနက်အသုံးပြုမှုနှုန်းကို လေ့လာကြည့်ရာမှာ အသက် တစ်နှစ်အောက် ကလေးငယ် ၆၉ ဦးမှာ ၁၀ ဒသမ ၁ ရာခိုင်နှုန်း အင်တာနက်အသုံးပြုကြောင်း၊ ဒါ့အပြင် အသက် တစ်နှစ်အရွယ် ကလေးငယ် ၁၂၆ ဦးမှာ ၄၂ ဒသမ ၉ ရာခိုင်နှုန်း အင်တာနက်အသုံးပြုကြောင်းနဲ့ အသက် နှစ်နှစ်အရွယ် ကလေးငယ် ၁၃၃ ဦးမှာ ၅၆ ဒသမ ၄ ရာခိုင်နှုန်း အင်တာနက်အသုံးပြုကြောင်းတွေ့ရှိရတယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။

**အင်န်အိတ်ချ်ကေ**



ဥရုဂွေးသမ္မတဟောင်း ဟိုဆေးမူဂျီကာ။

## ကမ္ဘာ့အဆင်းရဲဆုံးသမ္မတလို့ လူသိများတဲ့ ဥရုဂွေးသမ္မတဟောင်း ဟိုဆေးမူဂျီကာ ကွယ်လွန်

ကမ္ဘာ့အဆင်းရဲဆုံးသမ္မတလို့ လူသိများတဲ့ ဥရုဂွေးသမ္မတဟောင်း ဟိုဆေးမူဂျီကာဟာ အသက် ၈၉ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။ မူဂျီကာကို ၁၉၃၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုက မွေးဖွားခဲ့ပါတယ်။ အသက် ၂၀ အရွယ်မှာ တောတွင်း လက်နက်ကိုင် တော်လှန်ရေးသမားတစ်ဦးဖြစ်ပြီး စုစုပေါင်း ထောင် ၁၀ နှစ်ကျော် ကျခဲ့ပါတယ်။

မူဂျီကာက ဥရုဂွေးနိုင်ငံ ဒီမိုကရေစီရရှိပြီးနောက် ၁၉၉၀ ပြည့်နှစ်တွေမှာ လက်ဝဲယိမ်းဥပဒေပြုအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ပြည့်နှစ်မှာ ဥရုဂွေးသမ္မတဖြစ်လာပြီး ငါးနှစ်ကြာ သမ္မတတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ ၎င်းဟာ သမ္မတတာဝန်များ ထမ်းဆောင်စဉ်အတွင်း လယ်ယာခြံမြေမှာပင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ၎င်းရဲ့ ရိုးရှင်းပြီး ချွေတာတဲ့ နေထိုင်မှုပုံစံက ဥရုဂွေးနိုင်ငံအတွင်း လူကြိုက်များလာစေခဲ့ပါတယ်။ မူဂျီကာဟာ နောက်ပိုင်းနှစ်တွေမှာ ကင်ဆာရောဂါကို အချိန်အတန်ကြာ ခံစားခဲ့ရသူ ဖြစ်ပါတယ်။

**အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယားနိုင်ငံမှာ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၂၃၀ ဦးခန့် သေဆုံးပြီး ၁ ဒသမ ၂ သန်းကျော် ဘေးလွတ်ရာတိမ်းရှောင်ခဲ့ရ

နိုင်ဂျီးရီးယားနိုင်ငံမှာ ၂၀၂၄ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၂၃၀ ဦး ခန့် သေဆုံးကာ ၁ ဒသမ ၂ သန်းကျော် ဘေးလွတ်ရာ တိမ်းရှောင်ခဲ့ကြရကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက မေ ၂၇ ရက်က ပြောပါတယ်။

ဘေးအန္တရာယ်ကြောင့် လူပေါင်း ၅ ဒသမ ၂ သန်းကျော် ဘေးသင့်မှုဖြစ်ပွားပြီး လယ်ယာမြေ ၁ ဒသမ ၄ သန်းကျော်မှာလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ဇူဘိုင်ဒါအူမာက ဆိုပါတယ်။ ဒါ့အပြင် ယမန်နှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၃၆ ခုအနက် ၃၄ ခုမှာ ရေလွှမ်းမှုနဲ့ ကြုံတွေ့ခဲ့ရတယ်လို့လည်း ဆိုပါတယ်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံမှာ တစ်နှစ်လျှင် ကင်ဆာရောဂါကြောင့် လူပေါင်း ၁၄၀၀၀ ခန့် သေဆုံး

ကမ္ဘောဒီးယားနိုင်ငံမှာ တစ်နှစ်အတွင်း ကင်ဆာရောဂါဝေဒနာကြောင့် သေဆုံးသူ ၁၄၀၀၀ ခန့်နဲ့ ရောဂါဖြစ်ပွားသူ အသစ် ၂၀၀၀၀ ခန့် ရှိတယ်လို့ ဝန်ကြီးချုပ် ဟွန်မာနက်က မေ ၅ ရက်မှာ ပြောကြားထားပါတယ်။ အဆိုပါ အရေအတွက်မှာ နိုင်ငံ့လူဦးရေ ၁၇ သန်းနှင့် နှိုင်းယှဉ်ပါက မြင့်မားကြောင်း ဝန်ကြီးချုပ်က ၂၀၂၅-၂၀၃၀ အမျိုးသားကင်ဆာရောဂါထိန်းချုပ်ရေးစီမံကိန်းစတင်တဲ့ အခမ်းအနားမှာ ပြောကြားခဲ့တာပါ။ အဲဒီစီမံကိန်းက ကင်ဆာရောဂါ ဖြစ်ပွားမှုတွေနဲ့ သေဆုံးမှုတွေကို လျှော့ချဖို့ ရည်ရွယ်ခြင်းဖြစ်ပြီး ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းနဲ့ ပြုစုစောင့်ရှောက်ခြင်း စတဲ့ ဝန်ဆောင်မှုတွေကို ဆောလျင်စွာရရှိစေမယ်လို့ ဆိုပါတယ်။

ကျန်းမာရေးဝန်ကြီး ချအန်းရာက ကမ္ဘောဒီးယားနိုင်ငံမှာ အဆုတ်၊ ရင်သား၊ အူမကြီးနဲ့ သားအိမ်ခေါင်း ကင်ဆာရောဂါပြီးနောက် အသည်းကင်ဆာမှာ အဖြစ် အများဆုံး ကင်ဆာအမျိုးအစားဖြစ်တယ်လို့ ပြောပါတယ်။ ဒါ့အပြင် ကမ္ဘောဒီးယားနိုင်ငံမှာ နေ့စဉ်နေ့တိုင်း ကင်ဆာရောဂါကြောင့် လူပေါင်း ၃၈ ဦးခန့် သေဆုံးမှုရှိတယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။

**ဆင်ဟွာ**

# ဒဂုံမြို့နယ်၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပတ္တမြားခန်းမ၌ ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု "လူငယ်စကားဝိုင်း" အခမ်းအနား ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင် ဦးမြင့်အေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့အေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပခဲ့ရာ ဒေါ်လွဲ့လွဲ့အေး (ဦးစီးအရာရှိ)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဥမ္မာထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မအိမ့်ရွှေရည်ဖူးက "လူငယ်နှင့် စာရိတ္တ"ခေါင်းစဉ်၊ မချမ်းမြမြစုက "လူငယ်နှင့်ကျန်းမာရေး" ခေါင်းစဉ်၊ မောင်သုမြတ်ထူးက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မဆင်းရူပါဝင်းက "လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလင်းလက်ဖြိုးက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်အောင်ဘုန်းမြတ်ဇော်က "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ် အသီးသီးတို့ဖြင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**လွဲ့လွဲ့(ပြန်/ဆက်)**



# ဆင်ပေါင်ဝဲမြို့နယ်၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၀**

ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းတွင်ဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက မိဘပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ သဘာဝဘေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိဦးစစ်နိုင်ထွန်းက ကျေးရွာသူ ကျေးရွာသားများအား ရေဘေးကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးကျေးဇူးများ၊ ငလျင်လှုပ်နေချိန် နေထိုင်နည်းများ၊ သဘာဝဘေးဖြစ်လာပါက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှုအခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် (လဝက) ဦးစီးမှူးရုံးမှ ယမန်နေ့က ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် အခြေခံပညာကျောင်းများတွင် အသက် ၁၂ နှစ်မှ အသက် ၁၆ နှစ်အတွင်းရှိ မှတ်ပုံတင် ကိုင်ဆောင်ထားခြင်း မရှိသေးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။



အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်(လဝက) ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၁၂ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၈၀ အား နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ရရှိစေရန် စိစစ်ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းထွန်းမော်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းဖြင့် စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**



# ပဲခူးမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ကတ်များ အခမဲ့ပြုလုပ်ပေး

**ပဲခူး ဩဂုတ် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးနှင့် ရုံးအဖွဲ့ တာဝန်ရှိသူများသည် ယမန်နေ့က ရွှေသာလျောင်းဘုရားဝင်းရှိ မင်္ဂလာခန်းမ၌ မဇင်းရပ်ကွက်နေ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ပြုလုပ်ပေးသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်က ပန်းခင်းစီမံချက်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းနောက် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဖြူဖြူ၊ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်နိုင်တို့က ပြည်သူများ သိသင့်သိထိုက်သော ဥပဒေစည်းကမ်းများအား ရှင်းလင်းသည်။ ဆက်လက်၍ မဇင်းရပ်ကွက်ရှိဒေသခံပြည်သူ ၁၆၇ ဦးအား ပြဋ္ဌာန်းထားသော စည်းကမ်း၊ ဥပဒေသများနှင့်အညီ တိုက်ဆိုင်စစ်ဆေး၍ နိုင်ငံသားအရည်အချင်းများနှင့် ကိုက်ညီသော ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ပေါင်းတည်၌ သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးသည့် ပြောင်းစိုက်တောင်သူများ အကျိုးဖြစ်ထွန်း

**ပေါင်းတည် ဩဂုတ် ၁၀**

ပေါင်းတည်မြို့နယ်၌ ရာသီအလိုက် ဖူးစားပြောင်းများကို တောင်သူများ စိုက်ပျိုးလျက်ရှိရာ ယခုမိုးရာသီ၌ ၃၂၁၄ ဧက စိုက်ပျိုးထားကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ သိရသည်။



ပေါင်းတည်၌ ဖူးစားပြောင်းကို သီးထပ် စိုက်ပျိုးကာ စဉ်ဆက်မပြတ် ထုတ်လုပ်လျက်ရှိကြောင်း၊ ထိုဒေသထွက်ပြောင်းများကို ဝယ်လိုအားကောင်းမွန်သည့် ဒေသဈေးကွက်နှင့် အနယ်နယ်အရပ်ရပ် ပြောင်းဈေးကွက်များသို့ တစ်နှစ်ပတ်လုံး ရောင်းချနိုင်၍ ပြောင်းစိုက်တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ ရှေးယခင် ဒေသခံပြောင်း စိုက်တောင်သူများသည် ဒေသတွင်း စားသုံးရန်သာ စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးကြိုးပမ်းလာကြပြီး မျိုးကောင်းမျိုးသန့် အထွက်ကောင်းပြောင်းမျိုးများကို ရွေးချယ်၍ မိုးရေ၊ ချောင်းရေ၊ မြေအောက်ရေတို့မှ စိုက်ပျိုးရေရယူကာ ရာသီအလိုက် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြသည်။

**ရွှေသား(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ် ဘန်ခွမ်းကျေးရွာ ကျေးလက်ရေရရှိရေးဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၀**

ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့သောင်းမြို့နယ် ဘန်ခွမ်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး လက်တူးတွင်း တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်း စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ဘန်ခွမ်းကျေးရွာကျေးလက်ရေရရှိရေး လက်တူးတွင်း တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ဘန်ခွမ်းကျေးရွာ ရေရရှိရေး အကျယ် ခြောက်ပေ၊ အနက် ၂၅ ပေရှိ လက်တူးဖော်ခြင်း၊ အမိုးနှင့် ပလက်ဖောင်းပြုလုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇူလိုင်လ ပထမအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၇၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟားခါးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၂၄၆) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၅၈၂၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သံပိုက်လုံး ၁၉ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၇၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၂၇၂၀၀၀) ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ အလုံစစ်ပင်ရပ်ကွက်၌ တရားမဝင်သစ်ခုတ်ရာတွင် အသုံးပြုသည့် လွှစိုင်းခုံတစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၃၉၁၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသား ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက် ၁၅၃ ကွင်း၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၄၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၉၆၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၇၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၅၉ တန်၊ အခြားသစ် ၃ ဒသမ ၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၀၄၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၀၆၀၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၈၉၅၂၈၆) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုး သက်ရောက်ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**မအူပင် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးနှင့် ဝန်ထမ်းများသည် ထန်းပင်ကွေ့အရှေ့ကျေးရွာရှိ သုတအလိမ္မာစာကြည့်တိုက်၊ ခနောင်ထော်ကျေးရွာရှိ ပညာရောင်ခြည် စာကြည့်တိုက်၊ ကျောင်းရွာကျေးရွာရှိ ဒို့ရွာစာကြည့်တိုက်နှင့် မရမ်းကွေ့ကျေးရွာရှိ ဓမ္မအလင်းတန်း စာကြည့်တိုက်များရှိ စာကြည့်တိုက် ကော်မတီအဖွဲ့ဝင်များအား ကျေးရွာ စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကွင်းဆင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့နှင့် လူကုန်ကူးမှုအန္တရာယ် တိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဗီနိုင်းပိုစတာများနှင့် စာအုပ်စာစောင်များအား ကျေးရွာ စာကြည့်တိုက်များအတွက် ပေးအပ် လှူဒါန်းခဲ့သည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## စိုင်ဒင်းကျေးရွာ၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ စစ်ဆေး

**ကော့သောင်း ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘန်းကချွန်ကျေးရွာအုပ်စု စိုင်ဒင်းကျေးရွာရှိ မွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေများဖြင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းနှင့် တာဝန်ရှိသူများသည် စိုင်ဒင်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် တိုးတက်ရေးအဖွဲ့မှ ဝက်သားပေါက် မွေးမြူထားရှိမှု၊ တိုးတက်အောင်အဖွဲ့၊ အောင်ပြည့်စုံ အဖွဲ့များမှ ရော်ဘာပြားဝယ်ယူရောင်းချနေမှုနှင့် ကြံတိုင်းအောင်အဖွဲ့မှ ကွမ်းသီးရောင်းဝယ်နေမှုနှင့် လအလိုက် ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားမှု ရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စိုင်ဒင်းကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အစုအဖွဲ့ လေးဖွဲ့မှ မိသားစုဝင်ငွေတိုး လုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းချေးငွေကျပ် သိန်း ၃၀၀ နှင့် အစုအဖွဲ့ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**စိန်လွင် (ကျေးလက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# စင်စင်နတီအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့် ရာဒူကာနူတက်လှမ်း

ဗြိတိန်နာမည်ကျော်တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် ဩဂုတ် ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စင်စင်နတီအိုးပင်း ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ဆားဘီးယား တင်းနစ်မယ် ဒန်နီးလ်လိုဗစ်ကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။



ဒန်နီးလ်လိုဗစ်သည် အဆိုပါ ပြိုင်ပွဲ ၁၂၈ ဦးအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ဘော်လ်တာကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ၆၄ ဦးအဆင့်တွင် ရာဒူကာနူကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ရပြီ ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ကနေဒါအိုးပင်းပြိုင်ပွဲတွင် ၃၂ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။ ရာဒူကာနူသည် စင်စင်နတီအိုးပင်း ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အရှိုင်နာ ဆာဘာယ်လင်ကာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဆာဘာယ်လင်ကာသည် ၆၄ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် မာကီတာ ဗွန်ဒရိုဆိုဗာကို ၇-၅၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ရာဒူကာနူနှင့်အတူ စင်စင်နတီအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ရှိုင်ဘာကီနာ၊ တောင်းဆန့်၊ ကီးစ်၊ မာတင်စ်၊ အဲလက်ဇန်ဒရိုဗာတို့ တက်လှမ်းနိုင်ခဲ့သည်။

# နာမည်ကြီး အိုဆာကာကို အနိုင်ယူကာ ကနေဒါအိုးပင်းဖလား အမ်ဘိုကို ဗိုလ်စွဲ

ဩဂုတ် ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကနေဒါအိုးပင်း အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကနေဒါ ဆယ်ကျော်သက်တင်းနစ်မယ် ဗစ်တိုးရီးယား အမ်ဘိုကိုက နာမည်ကြီး ဂျပန် တင်းနစ်မယ် နာအိုမီ အိုဆာကာကို အနိုင်ယူကျော်ဖြတ်ကာ ပထမဆုံး ဒဗလျူတီအေဆုဖလားကို ရယူနိုင်ခဲ့သည်။



- ဆုဖလားနှင့်အတူ တွေ့ရသည့် ကနေဒါတင်းနစ်မယ် အမ်ဘိုကို။

အသက် ၁၈ နှစ်အရွယ် အဆိုပါ တင်းနစ်မယ်သည် ဗိုလ်လုပွဲတွင် ဂရင်းဆလမ်းချန်ပီယံ လေးကြိမ်ရ အိုဆာကာကို အကြိတ်အနယ်ကစားကာ ၂-၆၊ ၆-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင်လည်း အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ကီနင်စ်၊ ကိုကိုဂေါ့ဖ်၊ ရှိုင်ဘာကီနာတို့ကို အနိုင်ယူကျော်ဖြတ်ထားသူ ဖြစ်သည်။

အိုဆာကာသည် ပြိုင်ပွဲတစ်လျှောက်တွင် ထိပ်တန်းအဆင့်တင်းနစ်မယ်များ ဖြစ်သည့် အော့စတာပင်ကို၊ ဆမ်ဆိုနိုဗာ၊ စဗစ်တိုလီနာ၊ ဆီဗက်စတိုဗာ၊ တော်ဆန်တို့ကို အဆင့်ဆင့်ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့သည့်အတွက် အောင်မြင်မှုနှင့်ဝေးကွာခဲ့ရသည်။

# နယူးကာဆယ်က သီအောကို ခေါ်ယူရန် နီးကပ်လာ



နယူးကာဆယ်အသင်းသည် အေစီမီလန် ခံစစ်ကစားသမား မာလစ်ခ်သီအောကို ခေါ်ယူရန် နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။ နယူးကာဆယ်အသင်းသည် ဘင်ဂျမင် ဆက်ကို၊ အီကီတီကဲ၊ ပက်ဒရိုနှင့် ထရက်ဖို့ဒ်တို့ကို ယခုအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပစ်မှတ်ထားလုပ်ဆောင်ခဲ့သော်လည်း လက်လွတ်ဆုံးရှုံးခဲ့ရသည်။

အဆိုပါ ဂျာမနီခံစစ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့် မကြာမီ ဆေးစစ်မှု ခံယူတော့မည်ဖြစ်ပြီး ကစားသမား၏ အပြောင်းအရွှေ့မှာ အပိုဆုကြေးအပါအဝင် ပေါင် ၃၄ ဒသမ ၆၂ သန်းအထိ ရှိနိုင်သည်။

နယူးကာဆယ်အသင်းသည် ဆောက်သမ်တန်အသင်းကိုးသမား အာရွန်ရမ်ဒေးလ်နှင့် နော်တင်ဟမ်ဖောရက်စ်အသင်းမှ အီလန်ဂါတို့ကို ခေါ်ယူထားသည်။

နယူးကာဆယ်အသင်းသည် ခြေစမ်းပွဲ ခြောက်ပွဲယှဉ်ပြိုင်ကစားထားရာ နိုင်ပွဲရရှိခြင်း မရှိဘဲ လေးပွဲရှုံးကာ နှစ်ပွဲသရေကျထားသည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် လာမည့်ဩဂုတ် ၁၆ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကစားရခက်ခဲသည့် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

# ဆန်းဒါးလန်းက မာဆူယာကီကို ခေါ်ယူ

ဆန်းဒါးလန်းအသင်းသည် ယခုနှစ် အပြောင်းအရွှေ့ကာလတွင် ၁၀ ဦးမြောက် ကစားသမားအဖြစ် ဝက်စ်ဟမ်း ဘယ်ခံစစ်ကစားသမားဟောင်း အာသာ မာဆူယာကီကို ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် မာဆူယာကီကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်း ဖြစ်သည်။ ကွန်ဂိုကစားသမားသည် အန်ဒ်ဇိုလီဖီး၊ ဒီယာယာ၊ ဆာဒီကီ၊ မန်ဒါဗာ၊ တဲလ်ဘီ၊ အေဒင်ဂရာ၊ ရှာကာ၊ ရော်ဘင်ရိုးဖ်စ်နှင့် ဂေယူတို့ပြီးနောက် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ကစားသမားဖြစ်သည်။ ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၆ ရက် တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်မည် ဖြစ်သည်။

# အာဆင်နယ်က ဆယ်ကျော်သက်ကစားသမား အီသန်နွာနာရီကို သက်တမ်းတိုးစာချုပ်ချုပ်ဆို



အာဆင်နယ်အသင်းသည် ဆယ်ကျော်သက်ကစားသမား အီသန်နွာနာရီကို ၂၀၃၀ ပြည့်နှစ်အထိရှိမည့် ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။

အသက် ၁၈ နှစ်အရွယ် အဆိုပါ ကစားသမား၏လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအထိ ချုပ်ဆိုထားသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပရီမီယာလိဂ်သမိုင်းတွင် ၁၅ နှစ်နှင့် ၁၈၁ ရက်သာ ရှိသေးသည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၇ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ကိုးဂိုးသွင်းယူပေးထားနိုင်သည်။

အာဆင်နယ်အသင်းသည် ဩဂုတ် ၁၇ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် နာမည်ကြီး မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

# ဘုန်းမောက်က ဒီယာကီတေးကို ခေါ်ယူမည်



ဘုန်းမောက်အသင်းသည် ပြင်သစ်ကလပ် လိုင်လီအသင်းမှ ဗဟိုခံစစ်ကစားသမား ဘာဖိုဒီ ဒီယာကီတေးကို ပြောင်းရွှေ့ကြေးပေါင် ၃၄ ဒသမ ၆ သန်းဖြင့် အပြီးသတ်ခေါ်ယူရန် နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။

ဘုန်းမောက်အသင်းသည် ပြင်သစ်ဗဟိုခံစစ်ကစားသမား ဒီယာကီတေးကို ခေါ်ယူရာတွင် ကနဦးပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဒသမ ၃ နှင့် စွမ်းဆောင်ရည်အလိုက် ထပ်ဆောင်းကြေး ပေါင် ၄ ဒသမ ၃ သန်း ပေးချေရမည်ဖြစ်သည်။ ၎င်းသည် အပြောင်းအရွှေ့ပြီးမြောက်ခဲ့ပါက ဘုန်းမောက်အသင်း၏ ဒုတိယမြောက် ဈေးအကြီးဆုံး ကစားသမားဖြစ်လာမည် ဖြစ်သည်။

၎င်းသည် ၂၀၂၂ ခုနှစ်တွင် တူးလော့စ်အသင်းမှ လိုင်လီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ၈၅ ပွဲ ပါဝင်ကစား ပေးထားသည်။

# မက်ဒီဆင် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်



စပါးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်သည် ဒဏ်ရာကြောင့် ကာလရှည်အနားယူရတော့မည် ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဩဂုတ် ၃ ရက်က တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်၌ စပါးနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားသည့် ရာသီအကြိုခြေစမ်းပွဲတွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်လာပြီးနောက် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည့် မက်ဒီဆင်၏ နေရာကို ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူထားသည့် ဂါနာကစားသမား မိုဟာမက် ကူဒူးစ်ကို အသုံးပြုသွားဖွယ်ရှိနေသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ချယ်ဆီးအသင်းသည် မန်ယူအသင်းမှ အာဂျင်တီးနားတောင်ပံကစားသမား ဂါနာချို (၂၁ နှစ်) ကို ခေါ်ယူရန် အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။
- လီဗာပူးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား မက်ဂေဟီ (၂၅ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အယ်နာဆာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ပြင်သစ် တောင်ပံကစားသမား ကင်စလေ ကိုးမန်းကို ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီ ဘွန်ဒက်စ်လီဂါတွင် ၂၈ ပွဲပါဝင်ကစားထားပြီး ငါးဂိုး သွင်းယူပေးထားသည်။

■ မိုးဇက်-စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-5)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (2 marks)

| Example - 1. Pancil | (1) True |
|---|---|

1. Teacher (1) ..............
2. Chair (2) ..............
3. Cat (3) ..............
4. Book (4) ..............
5. Fan (5) ..............
6. Window (6) ..............

### Section (B) Reading

II. Fill in the blanks with 'does' or 'do'. (2 marks)

1. .......... she like apples? (1) ..............
2. .......... they play football? (2) ..............
3. What time .......... he wake up? (3) ..............
4. .......... you go to school on Sundays? (4) ..............
5. Where .......... your brother live? (5) ..............
6. .......... we have homework today? (6) ..............

### Section (C) Writing

III. Supply the correct form of the verb given in brackets. (2 marks)

1. Two men .......... (**walk**) along one summer day.
2. It .......... (**become**) too hot to continue.
3. They .......... (**see**) a large plane tree.
4. They .......... (**throw**) themselves on the ground.
5. They .......... (**rest**) under the tree.
6. One man .......... (**look**) up into the branches.
7. He .......... (**say**) the tree was useless.

Answer Keys

I. 1. True 2. True 3. False 4. True 5. True 6. True

II. 1. Does 2. Do 3. does 4. Do 5. does 6. Do

III. 1. were walking 2. became 3. saw 4. threw 5. rested 6. looked 7. said

## Grade-5 (Unit-5)

### Section (A) Listening

I. Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

| Column A | Column B |
|---|---|
| 1. Listen | A. your book |
| 2. Open | B. your hand |
| 3. Write | C. the question |
| 4. Read | D. attention |
| 5. Close | E. down |
| 6. Answer | F. the door |
| 7. Raise | G. your notebook |
| 8. Stand | H. up |
| 9. Sit | I. carefully |
| 10. Pay | J. the sentence |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

At the School Library

| fiction | science | weeks | ID | apply |
|---|---|---|---|---|
| library | research | register | deadline | shelf |

Librarian : Good morning! How can I help you today?
Student : Good morning! I'm looking for a book about ....... (1) .......
Librarian : We have many books on that subject. Do you prefer ....... (2) ....... or non-fiction?
Student : I'd like a ....... (3) ....... book. I'm working on a project.
Librarian : I see. You can check the ....... (4) .......section. It's on the second floor.
Student : Thank you. Do I need a ....... (5) ....... card to borrow books?
Librarian : Yes, you do. Have you registered for a ....... (6) ....... card?
Student : Not yet. What do I need to ....... (7) .......one?
Librarian : Just fill out the form and show your student ....... (8) .......
Student : Great! How long can I keep the books?
Librarian : You can borrow them for two ....... (9) ....... Please return them on ....... (10) .......

### Section (C) Writing

III. Fill in the blanks with a suitable word form. (5 marks)

1. This is my (**dream**) ......... school.
2. The school has a big swimming (**pool**) .........
3. We like to (**play**) ......... football on the field.
4. The zoo is (**next**) ......... to the swimming pool.
5. We keep our (**favour**) ......... animals in the zoo.

### Section (D) Speaking

IV. Answer the questions correctly asked by the teacher. (10 marks)

1. What is your ambition? (1) ..........
2. Why do you want to be a teacher? (2) ..........
3. Who inspired you to become a teacher? (3) ..........
4. What subjects do you want to teach? (4) ..........
5. Where do you want to work in the future? (5) ..........
6. What will you do to reach your ambition? (6) ..........
7. How will you help your students? (7) ..........
8. Do your parents support your ambition? (8) ..........
9. What qualities should a good teacher have? (9) ..........
10. How do you feel about your ambition? (10) ..........

Answer Keys

I. 1. I. 2. A. 3. J. 4. G. 5. F. 6. C. 7. B. 8. H. 9. E. 10. D.

II. 1. science 2. fiction 3. research 4. shelf 5. library 6. library 7. apply 8. ID 9. weeks 10. deadline

III. 1. dream 2. pool 3. play 4. next 5. favourite

IV. 1. My ambition is to become a teacher.
2. Because I want to help children learn and become successful.
3. My school teacher inspired me with her kindness and teaching style.
4. I want to teach English and Science.
5. I want to work at a good school in my town.
6. I will study hard and attend teacher training school.
7. I will teach them clearly and encourage them to do their best.
8. Yes, they always support and motivate me.
9. A teacher should be patient, kind, smart, and hard-working.
10. I feel proud and excited to work hard and achieve it.

## Grade-6 (Unit-5)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Yadana loves m........
2. She enjoys listening to p........ songs.
3. Singing c........ are her favourite TV programmes.
4. Her father has a K........ machine.
5. She practises singing at w........
6. Yadana likes the Myanmar I........ Programme best.
7. She hopes to be a pop s........ when she grows up.
8. Nady is fond of t........
9. She watches the D........ Programme on TV.
10. She learns about s........, wildlife, history, and culture.
11. She wants to visit some f........ places in Asia.

Answer Keys

I. 1. music 2. pop 3. contests 4. Karaoke 5. weekends 6. Idol 7. singer 8. travelling 9. Discovery 10. science 11. famous

## Grade-7 (Unit-5)

I. Choose the correct word form to complete each sentence. (10 marks)

1. Football is the most (**popular**) ......... game in the world.
2. Two (**team**) ......... play in a football match.
3. The (**field**) ......... is 120 yards long.
4. The goalkeeper's (**task**) ......... is to stop the ball.
5. The goalkeeper can (**touch**) ......... the ball with his hands.
6. The players try to (**kick**) ......... the ball into the goal.
7. A football match (**last**) ......... 90 minutes.
8. There is a 15-minute (**break**) ......... between two halves.
9. A (**referee**) ......... controls the game.
10. The referee is (**assist**) ......... by two linesmen.
11. Touching the ball with the hand is a (**foul**) .........

Answer Keys

I. 1. popular 2. teams 3. field 4. task 5. touch 6. kick 7. lasts 8. break 9. referee 10. assisted 11. foul

## Grade-8 (Unit-5)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. All computers are composed of s.......... and hard-ware.
2. S.......... is a set of programmes used to operate a computer.
3. H.......... refers to the physical parts of a computer.
4. A k.......... is used to type letters and numbers into the computer.
5. A m.......... helps to move the pointer on the screen.
6. M.......... Word is a popular word processing pro-gramme.
7. Microsoft Word was developed by Microsoft C..........
8. Word processing means creating, editing, and f.......... documents.
9. Word processing also includes adding g.......... to documents.
10. We can create l.......... and projects using Microsoft Word.
11. To start Microsoft Word, click S.......... on the desktop screen.
12. A new blank d.......... will open for typing.
13. After typing, we must s.......... the document.

Answer Keys

I. 1. software 2. Software 3. Hardware 4. keyboard 5. mouse 6. Microsoft 7. Corporation 8. formatting 9. graphics 10. letters 11. Start 12. document 13. save

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။








## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6238, MITSUBISHI CANTER, LIght Trauck(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးရှိန် ၉/အမဇ(နိုင်)၀၄၁၃၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9978, ISUZU ELF NRR 81,Truck With CRANE (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးရှိန် ၉/အမဇ(နိုင်)၀၄၁၃၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 33W/41576, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းမြ ၂/လကန(နိုင်) ၀၆၆၀၄၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ လွိုင်ကော်

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၂-ခ၊ မြေမြင့်ရပ်)၊ ဦးပိုင်အမှတ်(၇၃/၁)၊ မြေချိန်ဧရိယာ(၀ဒသမ၁၂၉)ဧကရှိ မြေကွက်သည် မူလက ဒေါ်ဆရက်နန် အမည်ဖြင့် (၁၂-၁၀-၂၀၁၈)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး(၁၀-၆-၂၀၂၅)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၃၄/၂၀၂၅)အရ တရားရုံးဒီကရီ၏အနိုင်ဒီကရီအရ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ရောင်းခြင်းစာချုပ်ဖြင့် လွှဲပြောင်းရောင်းချသူ၏ ကိုယ်စား ဦးနန်ဟီးဂျုံရမ်ထံမှ ဒေါ်ဂျာအိမ်အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ဂျာအိမ် ၁/ကမန(နိုင်) ၀၁၃၄၈၈ အမည်ဖြင့်အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက် လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www. myanmar earthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမိ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်၊ Safe City ခွင့်ပြုရန်ပုံငွေမှ မန္တလေးမြို့ရှိ Safe City Phase 1၊ 2၊ 3 တို့အတွက် တင်ဒါလိုအပ်ချက်ပါအတိုင်းဆောင်ရွက်ရန် CCTV နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများအား တင်ဒါ ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ၀၂-၄၀၂၄၉၅၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၁၁-၈-၂၀၂၅) ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - (၂၅-၈-၂၀၂၅) ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** - (၂၇-၈-၂၀၂၅) ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံး၀(လုံး၀) ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဖုန်း-၀၂-၄၀၂၄၉၅၆၊ ၀၂-၄၀၃၆၉၂၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**



နာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B) WIPO,DL-101 Switzerland)
ရှေးမှမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေး ငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၉၆က)၊ ဧရိယာ(၀ဒသမ၀၄၆)ကေရှိ ဦးသက်ဦး၊ ဒေါ်ဌေးဌေးရီ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးသက်ဦး(ဘ)ဦးသာဒင်၉/တကန(နိုင်)၀၀၃၅၄၉နှင့်ဒေါ်ဌေးဌေးရီ(ဘ)ဦးမြင့် ၉/တကန(နိုင်)၀၀၃၂၇၉တို့မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁) Grade-10(E) တွင် ပညာသင်ကြားနေသော မအိအိဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလင်း ၇/ကတခ(နိုင်)၁၃၆၄၉၉ဖြစ်ပါကြောင်း။
**ဦးအောင်ကိုလင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဝေါမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၄

ဒေါ်ထွေး နှင့်

| | |
|---|---|
| ၁။ ဦးတင်ကြွေ | ၂၆။ မစန်းစိုး |
| ၂။ မသန်းမြင့် | ၂၇။ မောင်တင်စိုး |
| ၃။ ဦးကျော်မင်း | ၂၈။ မောင်ကိုနိုင်ကြီး |
| ၄။ ဦးအောင်ထွန်း | ၂၉။ မခင်သိန်း |
| ၅။ မစန်းမြ | ၃၀။ မမာချို |
| ၆။ မလှ | ၃၁။ ဖိုးသံချောင်း |
| ၇။ မောင်တင်ဝင်း | ၃၂။ မသူဇာထွေး |
| ၈။ မသန်းဝင်း | ၃၃။ ဦးချစ်ကို |
| ၉။ မချို | ၃၄။ ဦးစိုးမြင့်နိုင် |
| ၁၀။ မမြင့် | ၃၅။ ဦးစိုးမင်းနိုင် |
| ၁၁။ မကောက် | ၃၆။ ဒေါ်မြထွေး |
| ၁၂။ မစိန်ထွေး | ၃၇။ မောင်မိုးဆွေ |
| ၁၃။ မမော် | ၃၈။ မကြည်ကြည်ဌေး |
| ၁၄။ မောင်ကြည်အေး | ၃၉။ ဒေါ်မြသီ |
| ၁၅။ မခင်အေးမြင့် | ၄၀။ ဦးသန်းထွန်း |
| ၁၆။ မကြည်သန်း | ၄၁။ မနှင်းယုခိုင် |
| ၁၇။ မောင်ပြုံးချို | ၄၂။ အညာသား |
| ၁၈။ မမာမာအေး | ၄၃။ မမိုးသဇင် |
| ၁၉။ မောင်ညီလွင် | ၄၄။ ဒေါ်ဌေးကြည် |
| ၂၀။ မောင်ခင်မောင်သိန်း | ၄၅။ ဒေါ်ခိုင် |
| ၂၁။ မောင်ဇော်မင်းသိန်း | ၄၆။ ဦးမြင့်သိန်း |
| ၂၂။ မမှုံကြီး | ၄၇။ ဦးကျော်စွာသိန်း |
| ၂၃။ ဦးစိုးအောင် | ၄၈။ ဦးအောင်ကျော်လွင် |
| ၂၄။ မစိုး | ၄၉။ ဦးဖိုးအော် |
| ၂၅။ မောင်ခင်နိုင်စိုး | ၅၀။ မမာညို |

(တရားလို) (တရားပြိုင်များ)

ဝေါမြို့နယ်၊တောကြီးကျေးရွာနေ အမှတ် ၄၄။ တရားပြိုင် ဒေါ်ဌေးကြည်(ဘ)ဦးမောင်သိန်း၊ အမှတ်စဉ်-၄၅။ တရားပြိုင် ဒေါ်ခိုင်(ဘ)ဦးမောင်လှ၊ အမှတ်စဉ်-၄၆။ တရားပြိုင် ဦးမြင့်သိန်း(ဘ)ဦးမောင်လှ၊ အမှတ်စဉ်-၄၇။ တရားပြိုင် ဦးကျော်စွာသိန်း(ဘ)ဦးမောင်လှ၊ အမှတ်စဉ်- ၄၈။ တရားပြိုင် ဦးအောင်ကျော်လွင်(ဘ)ဦးတင်မြင့်၊ ဝေါမြို့နယ်၊ ဇီးဖြူကုန်း ကျေးရွာနေ အမှတ်စဉ်-၄၉။ တရားပြိုင် ဦးဖိုးအော်(ဘ)ဦးတင်မြင့်၊ ဝေါမြို့နယ်၊ရှမ်းကိုင်းကျေးရွာနေ အမှတ်စဉ်-၅၀။ တရားပြိုင် မမာညို(ဘ) ဦးပု (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထွေး(ဘ)ဦးစိန်ချောက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၂ရက်၊ (၁၃၈၇ခုနှစ်၊ ဝါခေါင်လကွယ်နေ့)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင့်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဇာသွယ်)**
**မြို့နယ်တရားသူကြီး**
**ဝေါမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၀/၂)၊ ဦးပိုင်အမှတ်(၂)၊ ၅၄x၅၅ကြား၊ ၃၆x၃၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြသန်း ၉/မနမ(နိုင်)၀၆၁၁၄၈က အမှုတွဲ အမှတ်(၁၇၈၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (မြစ်ကျိုး) ကျောင်း Grade-12(B) မှ မရွှေရည်ပြည့်စုံ၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဇင်ထွန်း ၇/ဝမန(နိုင်)၁၅၉၆၇၉ ဖြစ်ပါကြောင်း။
**ဒေါ်ဆွေဇင်ထွန်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁) အထက(၂၇) G-9(A) မှ မကြယ်စင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးရန်နိုင်ဖြစ်ပါကြောင်း။

## လေလံလျှောက်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်သမဝါယမအသင်းစုပိုင် ပခုက္ကူမြို့၊ အမှတ်(၁၅) ရပ်ကွက်၊ မြို့မလမ်း၊ ဦးပိုင်အမှတ် C-121 ပေါ်ရှိမြေ ( ၀.၄၈ ) ဧက နှင့် ၎င်းမြေပေါ်ရှိ( ၃၅'x၂၃'x၁၁' ) လုံးချင်းအဆောက်အဦ(၁)လုံး၊ (၄၇'x၂၈'x၉') သုံးခန်းတွဲ (၁)ထပ်အဆောက်အဦ (၁)လုံး၊ ( ၆၈'x၅၅'x၂၅' ) (၂)ထပ်အဆောက်အဦ( ဆောက်လုပ်ဆဲ) (၁)လုံးတို့အား အိတ်ဖွင့်လေလံ စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ်နိုင်ပါသည်-

ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၀၈၇၂၇၃၊ ၀၉-၉၆၀၀၅၅၉၀၃

**လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၁.၈.၂၀၂၅) ရက်
**လေလံပိတ်သိမ်းမည့်ရက်/အချိန်** - (၁၇.၈.၂၀၂၅)ရက်၊ ညနေ(၁၆:၃၀)နာရီ
**လေလံဖွင့်ဖောက်မည့်ရက်/အချိန်** - (၁၈.၈.၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ

**လေလံထုခွဲရောင်းချရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့**

## မိခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (မြစ်ကျိုး)ကျောင်း Grade-12(A) မှ မဖူးမြတ် ဇော်နှင့် Grade-8မှ မပိုးမြတ်ဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ကြီး ၇/ဝမန(နိုင်)၀၈၈၄၄၈ ဖြစ်ပါကြောင်း။ **ဒေါ်ကြီး**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (မြစ်ကျိုး)ကျောင်း Grade-12(B) မှ မသူသူစိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၇/ဝမန(နိုင်)၀၃၇၂၁၇ ဖြစ်ပါကြောင်း။ **ဦးဝင်းဗိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6167 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၄၅၂/ခ၊ ဧရိယာ(၂၀ပေx ၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ် ၁၄၅၂/ခ၊ (၇) ဈေးလမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှဝေ(WAN-၀၇၄၃၇၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား ဦးလှဝေ(ဖခင်)ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၅၆၄၀/၂၀၁၄(၁၅-၉-၂၀၁၄)ဖြင့် ပိုင်ဆိုင်သူများဖြစ်သော ဦးခင်မောင်ရီ၊ ဒေါ်အေးကြည်(၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၄၂/၂၀၁၄)ရသူ ဦးသက်ဝင်းမောင်)တို့အား တရားပြိုင်ထားကာ ဒေါ်ခင်လှဌေးမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၈၇/၂၀၂၄ဖြင့် ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ၃၁-၃-၂၀၂၅ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမ ဇာရီမှုအမှတ် ၃၃/၂၀၂၅ဖြင့်ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၀-၆-၂၀၂၅ ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ထုံးပုံကျ အပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ ပိုင်ဆိုင်ကြောင်း စာချုပ်တို့တင်ပြ၍ တရားရုံးဘီလစ်ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပတ်စ်ပို့ပျောက်

မီကျားယီ ၁၃/လကန(နိုင်)၀၂၂၃၉၈၏ နိုင်ငံကူးလက်မှတ် အမှတ် MG-271274 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၆၉၉၄၈၆၁**

## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ မိုင်းယော် ကျေးရွာအုပ်စု၊ မန်တပ် ကျေးရွာနေ နန်းမွေခမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၁၉၉၉ ဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ်(၄၄/ဃ)၊ မြေအကျယ်အဝန်း ဧရိယာ(၀ဒသမ၃၃၀)ကေရှိ (ဘီ-အိမ်ရာမြေ)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၈)လမ်းသွယ်၊ အမှတ်(၉/ခ)နေ ဒေါ်တင်အေး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဦးမြင့်နိုင် ၁၂/သဃက(နိုင်)၀၈၆၂၄၁၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

၁။ အထက်ရည်ညွှန်းအတိုင်းအတာဖော်ပြလိပ်စာပါ မြေကွက်သည် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးထွန်းညွန့် အမည်ပေါက်မှတ်သားတည်ရှိခဲ့ပြီး ဦးထွန်းညွန့်နှင့်၎င်း၏ဇနီး ဒေါ်သန်းတင် တို့ကွယ်လွန်သွားပြီးနောက်တွင် သားသမီးများဖြစ်ကြသော ဦးဝင်းလှိုင်၊ ဦးသိန်း၊ ဒေါ်သိန်းမြင့်တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၈၁၁/ ၂၀၁၆) အား ချုပ်ဆိုခဲ့ကြပါသည်။ ထို့နောက်ပိုင်း (၂၆-၈-၂၀၁၆)ရက်တွင် ဦးသိန်း ကွယ်လွန်သွားသည့်အတွက် ၎င်း၏ဇနီး ဒေါ်တင်မှ ဦးသိန်း၏ ပိုင်ဆိုင်ခွင့်အစု အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် အမှတ်(၁၅၁၁/၂၀၁၇)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးနောက် အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ်အမှတ် (၁၅၁၂ /၂၀၁၇)ဖြင့် ဦးသိန်း၏ ပိုင်ဆိုင်ခွင့်အစုကို ဦးဝင်းလှိုင် နှင့်ဒေါ်သိန်းမြင့်တို့အား အပြီးအပိုင် စွန့်လွှတ်ခဲ့သည့်အတွက် အဆိုပါမှတ်ပုံတင်စာချုပ်များအရ (၈-၈-၂၀၁၇)ရက်တွင် ဦးထွန်းညွန့် အမည်မှ ဦးဝင်းလှိုင် နှင့် ဒေါ်သိန်းမြင့် တို့ အမည်သို့ အမည်ပေါက်လွှဲပြောင်းခဲ့ကြပြီး လက်ရှိအချိန်တွင် ဦးဝင်းလှိုင်နှင့် ဒေါ် သိန်းမြင့်တို့အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ မြေကွက်အား ပူးတွဲအမည်ပေါက်သူဦးဝင်းလှိုင်သည် (၁၆-၁၀-၂၀၂၀) ရက်တွင် ကွယ်လွန်သွားသည့်အတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်အေးသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးဝင်းလှိုင်၏ ပိုင်ဆိုင်ခွင့်အစုအား အမွေဆက်ခံလာသူဖြစ်၍ ဒေါ်တင်အေးမှ ခွင့်ပြုခြင်း၊ သိရှိခြင်း တစ်စုံတစ်ရာ မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လျော့နည်းပျက်စီးယိုယွင်းအောင်ပြုလုပ်ခြင်းစသည်တို့အား မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူမည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ပြည့်ဖြိုးလွင်(LL.B)** | **ဦးသန်းထိုက်အောင်(LL.B,LL.M)** | **ဦးပြည့်ဖြိုးကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၄၄၁/၂၀၁၈** | **(စဉ်-၁၈၅၇၇/၂၀၂၃)** | **(စဉ်-၅၄၅၂၇/၂၀၂၁)** |

**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၁၀၃၂၅၄၀၊ ၀၉-၇၉၆၆၄၉၉၈၁၊ ၀၉-၄၄၁၅၆၁၂၈၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၁ လမ်း၊ ၁၀၈x၁၀၉လမ်းကြားနေ ဦးလီချောယုန်-ဒေါ်အေးကျင်တို့၏သမီး မလီဆီချင် ၁၃/ကခန(နိုင်)၁၂၇၂၆၇ သည် မြတ်ပါရမီကိုယ်ပိုင် အထက်တန်းကျောင်း (G-11)တွင် ပညာသင်ကြားနေပြီး ကျောင်းဝင်အမှတ်တွင် မမြင့်မြင့်အေးဟု ဖော်ပြထား၍ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းထဲတွင် မလီဆီချင်ဟု ဖော်ပြထားသောကြောင့် မလီဆီချင်နှင့် မမြင့်မြင့်အေး တို့မှာ လူတစ်ဦးတစ်ယောက် တည်းဖြစ်သောကြောင့် မလီဆီချင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊မြေကွက်အမှတ်(၈၈၁/က+ခ)၊ အကျယ်အဝန်း(၃၀x၆၀)ပေရှိ ပါမစ်မြေကွက်(၂)ကွက်(အရပ်အခေါ်အမှတ်(၈၈၁/က+ခ)၊မာလာလမ်း၊ ၁၅ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်းမြို့နယ်)ဟုခေါ်တွင်သော ပါမစ်မြေကွက် ၂ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးခင်ညိန်း ၁၂/ရပသ(နိုင်)၀၃၅၂၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထက်ပါအိမ်ခြံမြေကွက် ၂ ကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေဇင်အိ (LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ ပင်လုံရပ်ကွက်၊ အကွက်အမှတ် (၅၄/ဘီအိုစီရပ်)၊ ဦးပိုင်(၂၁၃၊ ၂၁၃/က၊၂၁၄)၊ ဧရိယာ ၀.၂၀၄ ဧကအား ဒေါ်နိုန်လျှန်းဒိမ့် ၄/တတန(နိုင်)၀၅၁၇၁၅(ဘ)ဦးနန်ဂင့်ပေါင်မှ မြေငှားဂရန် အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၀ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နိုန်လျှန်းဒိမ့်**
**ဖုန်း-၀၉- ၉၄၁၁၃၅၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

